



# ဖြူမှုနိုင်ငံသားရဲ့ဘဝဖြေကောင်းကောင်းအောင်

သန်းမြင့်အောင်

mgyoe.com
SAMPLE BOOK



ဖြဟ္ဒစိုရ်ငှက်ရဲ့အဖြူရောင်ကောင်းကင်၊
သန်းမြင့်အောင်

9 792025 090104

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ရွက်လွှာရိပ်
စာအုပ်တိုက်

အမှတ် ၁၆၊ လုပ်သားလမ်း၊ ၄/က ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉ ၉၇၆၈၅၀၂၀၅၊ ၀၉ ၄၄၇၂၆၈၂၆၇

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK


# မြဟွှစိုရိုငှက်ရဲ့ အဖြူရောင်ကောင်းကင်

## သန်းမြင့်အောင်



mgyoe.com

mgyoe.com
SAMPLE BOOK



# သန်းမြင့်အောင်
## ဖြူဖွေ့ဖိုရုံနှက်ရဲ့ အဖြူရောင်ကောင်းကင်
# မာတိကာ


- ပန်ကြားလွှာ　　မင်းထက်ဟန်　　၇
- ဘဝနစ်ခုဖြင့် ရှင်သန်သူ　　ရှုးကျော်　　၈
- ဇရာမှတ်တိုင်(၇၂)　　သန်းမြင့်အောင်　　၁၃


### အဖွင့်ကဗျာ


- မျက်နှာပြင် ဧရိယာ　　၁၄


### ကျွန်မ၏ဒိုင်ယာရီ


- ဒိုင်ယာရီ (၁)　　၁၆
- ဒိုင်ယာရီ (၂)　　၈၄
- ဒိုင်ယာရီ (၃)　　၁၃၄
- ဒိုင်ယာရီ (၄)　　၂၀၂


### ဆောင်းပါး


- ကူညီမယောင်နှင့် နှောင့်ယှက်ကြသူများ　　၄၆
- လူငယ်နှင့် ပရဟိတ ၁　　၂၄
- လူငယ်နှင့် ပရဟိတ ၂　　၃၂
- အိမ်ပြန်လာချိန်　　၃၅
- ခရီးသွားကြသူများ　　၃၈


### အင်တာဗျူး


- သစ္စာတရားကိုယုံသူ - အေးမွန်　　၅၂
- အများအတွက် လူဖြစ်ရခြင်းက - စုသဲမွန်　　၁၁၉
- ဆည်းဆာရိပ် ဘိုးဘွားရိပ်သာ - ချစ်ထိုက်　　၁၇၃


### သူရေးသီချင်း အတွေးကဗျာ


- လွတ်လပ်ခွင့်၊ ခိုနားရာ၊ ချစ်စိတ်၊ လွမ်း၊ စိမ်း၊ သူဖတ်ဖို့၊ အချစ်ဆုံးအချိန်၊ သောကနေဝင်ချိန်၊ ညာမသွားနဲ့၊ နီးဖို့ရက်၊ ငယ်ချစ်　　၁၈၆




mgyoe.com

mgyoe.com SAMPLE BOOK

## အက်ဆေး


- ချစ်သားသို့ ၁၉၇


## သဘာဝပတ်ဝန်းကျင်


- ပျိုးခင်း တေးသံ ၂၀၃


## စာပေခရီးသွား


- တစ်စုံတစ်ရာ လမ်းများ ၂၂၀


## တစ်မျက်နှာဝတ္ထုတို


- နိဗ္ဗာန်ဆော် ၁၈၈
- လမ်းဆုံးတော့ ၁၉၀
- ထောင့်ဖြတ်များ ၁၉၂
- ပိုင်ဆိုင်မှုရသ ၁၉၄


## ဝတ္ထုတို


- ချိန်သီးတစ်လုံး၏ ဟန်ချက် ၉၂
- မနက်သော အဖြူ ၁၀၁
- ရာသီဖျား ၁၀၇
- ရှင်သန်မှုသံသရာ ၁၅၃
- မိတ္တူပွားခွင့် မပြုပါ ၁၆၄


## ဝတ္ထုရှည်


- ဆူးပန်းတစ်ပွင့်၏ သိပ်သည်းဆ ၂၄၂


## ဘာသာပြန်ဆိုထုတ်ဝေသောဝတ္ထုများ


- အထူအပါး ၁၄၂
- အချစ်စမ်းချင်စမ်း မစမ်းချင်နေ ၂၂၈
- စာရေးသူ၏ ကိုယ်ရေးအကျဉ်း ၂၇၂












mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


စာအုပ်အမှတ် ■ ၁၀

အကြိမ် ■ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ။

ကြီးကြပ်မှုအယ်ဒီတာ ■ ဖူးကျော်

တာဝန်ခံစီစဉ်သူ ■ မင်းထက်ဟန်

စာပြင်အယ်ဒီတာ ■ ဦးမြင့်ဆွေ

မျက်နှာဖုံးပန်းချီ ■ မြင့်မောင်ကျော်

အတွင်းသရုပ်ဖော်ပန်းချီ ■ မုတ်သုန်၊ ဇော်မောင်၊ မမွေး၊ မောင်နိုး၊ ဗဂျီလင်းဝဏ္ဏ၊
ဝင်းမြင့်အောင်၊ ဘဂံ

အတွင်းအပြင်အဆင် ■ ဝင်းဝင်းရွှေ (ပုံရိပ်ရှင်)

ထုတ်ဝေသူ ■ ရွက်လွှာရိပ်စာအုပ်တိုက် (၀၃၃၀၂)
ဒေါ်ခေမာကျော်၊ အမှတ်(၁၆)၊ လုပ်သားလမ်း၊
င/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ■ ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)
ဦးအောင်ဇော်ထွန်း၊ အမှတ် (၈)
အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ■ ဖူးပွင့်မွေးစာအုပ်ချုပ်လုပ်ငန်း

အုပ်ရေ ■ ၇၀၀

တန်ဖိုး ■ ၂၀၀၀၀ ကျပ်




mgyoe.com

mgyoe.com SAMPLE BOOK

# ပန်ကြားလွှာ

လူတစ်ယောက် နှစ်ဘဝ အလှဖြင့် နေထိုင်သူ ဆရာမကြီး သန်းမြင့်အောင်၏ ၇၂ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာမကြီး ဖန်တီးခဲ့သော စာပေလက်ရာ အမျိုးမျိုး၊ ကဏ္ဍအစုံစုံမှ ရွေးခြယ် သီကုံးပြီး 'ဖြဟ္မစိုရ်ငှက်ရဲ့ အဖြူရောင်ကောင်းကင်' ဟူ၍ တစ်ကိုယ်တော် မဂ္ဂဇင်းပမာ ထုတ်ဝေခြင်း ဖြစ်ပါသည်။

သည်စာအုပ်ကို ဆရာ ဖူးကျော်၏ ကြီးကြပ်မှုအောက်တွင် 'မူ၊ ဘောင်' များ ချမှတ်၍ မည်သည့် အကြောင်းကြောင်းကြောင့်မျှ မထိပါးစေရဘဲ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် အချိန်ကို ရင်းနှီး၍ ထုတ်ဝေသူ၏ ပံ့ပိုးမှုဖြင့် စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

အချိန်တိုကာလအတွင်း၊ အကျပ်အတည်း ကာလအတွင်း စီစဉ်ရခြင်း ဖြစ်ပါသဖြင့် အားနည်းချက်၊ ချို့ယွင်းချက်၊ မပြည့်စုံမှုများ ပါရှိခဲ့သော် စီစဉ်သူ၏ တာဝန်သာ ဖြစ်ပါသည်။ စာပေပညာရှင်၊ စာပေဝါသနာရှင်များ အနေဖြင့် နားလည်ပေးပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။

သည်စာအုပ်ကို စီစဉ် ထုတ်ဝေခွင့် ပြုသော ဆရာမကြီး သန်းမြင့်အောင်၊ စာအုပ်၏ ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်စေရန် ကြီးကြပ်လမ်းညွှန် ကူညီပေးသော ဆရာဖူးကျော်၊ စာအုပ်စီစဉ်ရာတွင် လုပသေသပ်စေရန်အတွက် ငွေကြေးလိုအပ်ချက် များကို မငြိုငြင်ဘဲ ဖြည့်ဆည်း ထုတ်ဝေပေးသော ရွက်လွှာရိပ်စာအုပ်တိုက်၊ လိုအပ်သည့် ဓာတ်ပုံ မှတ်တမ်းများကို ရှာဖွေပေးပါသော ကိုရဲ(အောင်ဖောင်ဒေးရှင်း၊ သုခရိပ်မြုံ)၊ မျက်နှာဖုံးပန်းချီ၊ အတွင်းသရုပ်ဖော် ပန်းချီများကို အကောင်းဆုံး ခြယ်မှုန်းပေးပါသော ဆရာ မြင့်မောင်ကျော်၊ ဆရာမှတ်သုန်၊ ဆရာဇော်မောင်၊ ဆရာမ မမွှေး၊ ဆရာမောင်နိုး၊ ဆရာ ဗဂျီလင်းဝဏ္ဏ၊ ဆရာ ဘဂံ၊ ဆရာ ဝင်းမြင့်အောင်၊ အတွင်း Layout Design များနှင့် ပုံနှိပ်မှုပိုင်းဆိုင်ရာများကို အချိန်တိုကာလအတွင်း သေသပ်ပြီးမြောက်အောင် ကူညီဆောင်ရွက်ပေးပါသော မဝင်းဝင်းရွှေနှင့် ပုံရိပ်ရှင်မိသားစု၊ ကွဲကူးရေပါ ဉာဏ အား၊ ကာယအားဖြင့် လိုက်ပါကူညီ ဆောင်ရွက်ပေးသော ဇသစ်ထွန်း(ဇသစ်စာပေ)၊ သည်စာအုပ် ပြီးမြောက်အောင် စိတ်ဓာတ်ရေးရာအရ ကူညီဖေးမပေးပါသော The Lantern House မိသားစုဝင်များ စသည် စသည်ဖြင့် ဤစာအုပ်နှင့်နွှယ်ရာ အားလုံးကို မှတ်မှတ်ရရ ကျေးဇူးမှတ်တမ်းပြုအပ်ပါသည်။

ထပ်မံဖြည့်စွက် ပန်ကြားလိုသည်မှာ ဤစာအုပ် စီစဉ်မှုပိုင်းဆိုင်ရာများတွင် အဆိုးအညံ့များ ပါရှိခဲ့သော် စီစဉ်သူ၏ တာဝန်သာ ဖြစ်ပါသည်။

**စီစဉ်သူ–မင်းထက်ဟန်**

mgyoe.com

mgyoe.com SAMPLE BOOK

# ဘဝနှစ်ခုဖြင့် ရှင်သန်သူ



၁၉၉၅ ခုနှစ်ရဲ့ ရက်စွဲ တိတိကျကျ မမှတ်မိတော့တဲ့ နွေလယ်ခင်းတစ်ခုမှာ (၃၄) လမ်း အပေါ်ဘလောက်က မင်္ဂလာဇင်းရုံးခန်းလေး တစ်ခု ထဲ ကျွန်တော် ရောက်နေ ပါတယ်။ အယ်ဒီတာ မလာသေးလို့ ထိုင်စောင့် နေတာပါ။ အသား ခပ်ညိုညို၊ ဥပဓိရုပ် ကောင်းကောင်း၊ မုတ် ဆိတ်မွေး နှုတ်ခမ်းမွေး တိုနံ့နံ့ ထိုးထိုးထောင် ထောင်နဲ့ ဆရာကြီးတစ် ယောက်လည်း ကျွန်တော့် ရှေ့မှာ ရှိနှင့်နေတယ်။ လက်ထဲမှာ မီးသေနေတဲ့ ဆေးပြင်းလိပ်တိုနဲ့။ သူလည်း စာမူခထုတ်ဖို့ စောင့်နေတာတဲ့။ အပြန်အလှန် မိတ်ဆက်ကြရင်း ကဗျာဆရာဇော်နောင်လို့ သိလိုက်ရတယ်။ လူသစ်ကလေးကျွန်တော့်ကို ဆရာဆက်ဆံပုံက အလွန်နွေးထွေးပါတယ်။ ဘယ်ဘက်လက်ပေါ်က ပိုးကြိုးအမည်းကလေးနဲ့ ပတ်ထားတဲ့ သူ့နာရီကို တစ်ချက်ကြည့်ပြီး –

"ဒီပုဂ္ဂိုလ်(အယ်ဒီတာ)က ကြာဦးမယ်ထင်တယ်၊ ကိုယ်တို့လက်ဖက်ရည်ဆိုင်က စောင့်ကြတာပေါ့" တဲ့။ အဲ့ဒီလမ်းထဲပါပဲ တိုက်လှေကားရင်းက လက်ဖက်ရည်ဆိုင်ပု ကလေးမှာ ခုံပုကလေးတွေနဲ့ ကျွန်တော်တို့နှစ်ယောက် ထိုင်နေကြတုန်း မျက်နှာချင်းဆိုင် လမ်းကလေးအတိုင်း အမျိုးသမီးသုံးယောက် ပခုံးချင်း ယှဉ်လျှောက်လာကြတယ်။ သေးသေးသွယ်သွယ်ဖြူဖြူ အလယ်တစ်ယောက်က ခြေတစ်ဖက် သန်ပုံမရလို့ ဘေး နှစ်ယောက်က ထိန်းပြီးလာနေကြတာပါ။ တစ်ယောက်က ညိုညိုပြည့်ပြည့်။ တစ်ယောက်က ညိုညိုဝဝ။ ညိုညိုပြည့်ပြည့်ရဲ့ လွတ်နေတဲ့ လက်တစ်ဖက်မှာ ဆွဲခြင်းတစ်လုံး။ ဆွဲခြင်း ထဲမှာတော့ ထိုးထိုးထောင်ထောင် စုံစီနဖာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာဇော်နောင်က အမျိုးသမီး သုံးယောက်ကို လက်လှမ်းပြပြီး “မောင်ရင့်ကို နာမည်ကြီးဆရာမတွေနဲ့ မိတ်ဆက်ပေးမယ်” တဲ့။ ပလက်ဖောင်းဆိုင်ကလေးမှာ ကျွန်တော်တို့ ၅ ယောက်တစ်ဝိုင်း ဖြစ်သွားတာပေါ့။ အဲ့ဒီမှာ ကဗျာဆရာမကြီး မရီဝေ၊ ကဗျာဆရာမ ခင်ဝင်းသစ်နဲ့ ဆရာမသန်းမြင့်အောင် တို့နဲ့ စတင်သိကျွမ်းရပါတယ်။ စုံစီနဖာဆွဲခြင်းနဲ့ ညီညီပြည့်ပြည့်က နောက်ပိုင်းမှာ ကျွန်တော့်အစ်မရင်းတစ်ယောက်လို ခင်မင်လေးစား တန်ဖိုးထားရတဲ့ ဆရာမသန်းမြင့်အောင်ပါပဲ။

✦

အဲဒီအချိန် ဆရာမသန်းမြင့်အောင်က အထူအပါး ဝတ္ထုတိုပေါင်းချုပ် ထွက်ပြီးစ ခေတ်စကားနဲ့ ပြောရရင် ဟော့နေတဲ့အချိန်ပါ။ အထူအပါးက အဲဒီနှစ် အမျိုးသားစာပေဆု အတွက် တစ်ပြေးခဲ့ပေမယ့် ဆရာမ တကယ်ရခဲ့တာက ၂၀၀၂ ခုနှစ်ကျမှ သဏ္ဍာန်မဲ့ထုထည် ဝတ္ထုတိုပေါင်းချုပ်နဲ့ပါ။ လက်တွေ့ဘဝထဲက ထွက်ကျလာတဲ့ ဒိုးဒိုးဒေါက်ဒေါက် ဝါကျတွေနဲ့ အထူအပါး၊ မျက်နှာဖုံးသရုပ်ဖော်ပေးတဲ့ သန်းမြင့်အောင်နဲ့ စာရေးဆရာမ သန်းမြင့်အောင်က တစ်ယောက်တည်းပဲလား… စသဖြင့်ပေါ့။ ကျွန်တော် အလွန်တွေ့ချင် ရင်းနှီးချင်နေတဲ့ ဆရာမပါ။ တကယ်က ဆရာမနဲ့ အခု ပထမဆုံး စတွေ့ဖူးတာပေမဲ့ ဆရာမဝတ္ထုတွေ ဘယ်လိုကောင်းကြောင်း၊ ရာမဇာတ်မှာ ဂမ္ဘီဇာတ်ရုပ်နေရာက သရုပ်ဆောင်တာ ဘယ်လို ပီကြောင်း၊ ပုဇွန်တောင်ဈေးမှာ သရက်သီးသနပ်ဆိုင်ရှိကြောင်း၊ လက်ဖက်ရည်ချိန်တန် လက်ဖက်ရည် ထမင်းချိန်တန်ထမင်း ညှော်ခံတတ်ကြောင်း၊ ဘယ်သူ့ဖြစ်ဖြစ် အစိမ်းအကျက် မရွေး ကူညီတတ်တဲ့အကြောင်းတွေကို ကျွန်တော်နဲ့မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ဝတ္ထုတိုလေး တစ်ပုဒ် အတူတူပါရင်း ခင်မင်ရင်းနှီးရတဲ့ ဆရာသင်းအောင်ပန်က အားတက်သရော ပြောပြောပြတတ်လို့ ကြိုပြီးရင်းနှီးနေခဲ့တာပါ။

နောက်ပိုင်းမှာ ကျွန်တော့်စာပေဘဝဟာလည်း ကျွန်တော့်အစွမ်းအစ နည်းနည်းနဲ့ အစ်မသန်းမြင့်အောင်ကြောင့် အများကြီးကျယ်ပြန့်ခဲ့ရပါတယ်။ အစ်မကြောင့်ပဲ ဆရာ မောင်ညိုပြာ၊ အစ်မမိချမ်းဝေ၊ ဝိုင်းဝိုင်း(ကံ့ကော်ဝတ်ရည်)၊ ပန်ပန် (ဆရာမရာသက်ပန်-တောင်ငူဆောင်)၊ ပန်းချီမမွှေး၊ မပွင့်(ရုပ်ပြောင်စာပေ) တို့နဲ့လည်း ကိုယ်ရေးကိုယ်တာ ကိစ္စမျိုးကအစ ပွင့်ပွင့်လင်းလင်း ရင်ဖွင့်လို့ရတဲ့ထိ ရင်းနှီးကျွမ်းဝင်ခဲ့ရပါတယ်။ စာပေနယ်မှာ ငါးထန်းရွက်အုပ်စုလို့ခေါ်ကြတဲ့ထိ အစ်မနဲ့ သူတို့တစ်အုပ်စုက တစ်နေ့တစ်နေ့ တစ်ယောက် မျက်နှာတစ်ယောက် မမြင်ရရင် မနေနိုင်အောင် တပူးတွဲတွဲရှိကြလွန်းသူတွေပါ။

ဆရာမရဲ့ ဝတ္ထုတိုရေးလက်ကိုတော့ ဆရာမောင်ညိုပြာလည်း ပြောဖူးတယ်။ မသန်းမြင့်အောင်က ဝတ္ထုတိုပါရမီပါတယ်ဗျ။ ကျကျနနလုပ်ရင် ပထမတန်းစားဖြစ်လာနိုင်တဲ့



mgyoe.com

mgyoe.com
SAMPLE BOOK

လက်မျိုး။ အသွေးကျကျသွေးလိုက်ရင် ခုထက်ပိုတောက်ပရမှာ၊ တချို့ဝတ္ထုတွေက အကြမ်းအတိုင်း လွှတ်ပေးလိုက်သလို အရောင် တောက်သင့်သလောက် မတောက်တော့ဘူးတဲ့။ မိုးမိုး(အင်းလျား) ဝတ္ထုတိုပြိုင်ပွဲမှာ ဆုနှစ်ကြိမ်ဆက်ရတဲ့ ဆရာမလေးတစ်ယောက်ကလည်း ပြောဖူးတယ်။ ဆရာမသန်းမြင့်အောင်လို ရေးတတ်ချင်လိုက်တာတဲ့။

ဆရာမနဲ့ရင်းနှီးလာတော့ ဆရာမရဲ့ ဝတ္ထုတိုရေးလက်ကို ကျွန်တော်လည်း အံ့သြရဖူးတယ်။ ကျွန်တော်တို့ တစ်ပတ် ဆယ်ရက် ဖျစ်ဖျစ်မြည်အောင်ရေးရတဲ့ ဝတ္ထုတိုကို ဆရာမက တစ်ညတည်း တစ်ရက်တည်းနဲ့ အပြီးရေးနိုင်တာ။ ဝတ္ထုတိုတွေ ဟောတစ်ပုဒ် ဟောတစ်ပုဒ် ရေးနေရင်းကပဲ လရောင်ပန်းပွင့်၊ လိပ်ပြာခြေရာ၊ ချစ်ကြိုးဖွဲ့သီ စတဲ့ လုံးချင်းတွေလည်း ထွက်လိုက်သေးတယ်။

အဲ့ဒီလို ကလောင်အား တလွန့်လွန့်တက်နေချိန်မှာပဲ ဆရာမရဲ့စာရေးဆရာဘဝကို ဆရာမရဲ့ ပရဟိတဘဝက လွှမ်းမိုးသွားတော့တယ်။

ပရဟိတကြောင့်ပဲ ဆရာမကို နိုင်ငံတွင်းသာမက ကမ္ဘာကပါ လေးစားသိမှတ်ပြုလာတယ်။ ပြည်သူချစ်လျှင် ကမ္ဘာသိမည်ဆိုတာလိုပါပဲ။ ကိုယ်ကျိုးမငဲ့ဘဲ ရင်ထဲအသည်းထဲကနစ်ပြီး တကယ်လုပ်တဲ့အခါ ဝန်းရံသူတွေ အင်နဲ့အားနဲ့ပေါ်လာတာ သဘာဝကျပါတယ်။

နာရေးကူညီမှုအသင်း၊ ဂိလာနဆည်းဆာရိပ်၊ အနုပညာဆည်းဆာရိပ်၊ မိဘမဲ့ HIV ကူးစက်ခံကလေးတွေအတွက် သုခရိပ်မြုံ၊ အောင်ဖောင်ဒေးရှင်း လူငယ်ပရဟိတ သင်တန်းကျောင်း စတဲ့အဆောက်အအုံကြီးတွေ အံ့မခန်းပေါ်ပေါက်လာတယ်။ ဆရာမရဲ့ ပရဟိတလုပ်ငန်းစဉ်တွေက များပြားလှလို့ ခုလောက်ရေးပြရုံနဲ့ မပြည့်စုံနိုင်ပါဘူး။ ကြိုးပမ်းအားထုတ်မှုနဲ့ စွန့်လွှတ်အနစ်နာခံမှု မရှိဘဲ အောင်မြင်မှုဆိုတာ ရှိမလာနိုင်ပါဘူး။ ဆရာမ ဘယ်လောက်ကြိုးပမ်းအားထုတ်ခဲ့ရသလဲ၊ ဘယ်လောက်စွန့်လွှတ်အနစ်နာခံခဲ့ရသလဲ။ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။

တကယ်တော့ ပရဟိတဆိုတာဘာလဲ ကွဲကွဲပြားပြား မသိခင် ရှေးမဆွကတည်းက ဆရာမရဲ့အသွေးအသားထဲမှာ ပရဟိတက မွေးရာပါရှိနေတာ။ အခုလို လူသိထင်ရှား ပရဟိတဘဝထဲ စိုးစိုးမမြုပ်သေးချိန် ပုဇွန်တောင်ဈေးထဲမှာ မထင်မရှား စက်ကလေးချုပ်၊ သရက်သီးသနပ်ကလေး၊ ပုန်းရည်ကြီးလေးရောင်းရင်း ဝတ္ထုတိုဆရာမဘဝမှာပဲ ရှိနေသေးချိန်ကတည်းက လာသမျှဒုက္ခသည်ကို ဆရာမက စွမ်းသလောက် ကူညီ ဖြေရှင်းပေးနေခဲ့တာပါ။ တစ်မိသားစုလုံး တီဘီရောဂါကူးစက်ခံရလို့ အတိဒုက္ခရောက်နေတဲ့ ပန်းချီဆရာမိသားစုကို ဆရာလေးဒေါက်တာတင်စံဦးနဲ့အတူ စားဝတ်နေရေး ဆေးကုသရေးကအစ နီးနီးကပ်ကပ် စောင့်ရှောက်ပေးခဲ့တာတွေ၊ စစနဲ့ ပြန်ထွက်လာတဲ့ ကျောင်းဆရာလေးတစ်ယောက် နေဖို့


mgyoe.com

mgyoe.com SAMPLE BOOK
စားဖို့ ခက်ခဲနေရုံမက ကုမရတဲ့ရောဂါပါ တွဲပြီးပါလာလို့ နောက်ဆုံးဆရာမလက်ပေါ် အသက်ကုန်ဆုံးချိန်ထိ ကာလရှည် စောင့်ရှောက်ပေးခဲ့ရတာတွေ (အဲ့ဒီကျောင်းဆရာလေးအကြောင်း အမြင့်ပျံငှက် ဆိုပြီး ဆရာမ ဝတ္ထုရေးခဲ့ပါတယ်)၊ ညားခါစ ကဗျာဆရာလင်မယား နယ်ကနေ ရန်ကုန်ရွှေ့လာပြီး နေစရာမရှိလို့ နေစရာရှာပေးရ၊ HIV ဖြစ်နေလို့ အစ်ကိုဖြစ်သူက နှင်ချလိုက်တဲ့ အလှဖန်တီးရှင်တစ်ယောက် ဆရာမကို တွေ့ချင်လှချည်ရဲ့ဆိုလို့ လူချင်းသိတာလည်းမဟုတ် ဗိုလ်တထောင်ဘုရားမှာ သွားတွေ့ရတာတွေ၊ ဘုန်းကြီးကျောင်း ကပ်နေရတဲ့ စာရေးဆရာပေါက်စတစ်ယောက်ရဲ့ညီမ ရန်ကုန် ရောက်လာလို့ အိမ်မှာနှစ်နဲ့ချီပြီး ခေါ်ထားရတာတွေ... ဒါတွေ ဒါတွေက ကျွန်တော့် မျက်စိအောက်မှာ ကြားနေ မြင်နေ ကိုယ်တွေ့ကြုံနေရတဲ့ လူသိနည်းသေးတဲ့ ဆရာမရဲ့ ပရဟိတတွေလို့ ပြောရမှာပါ။

အများအတွက် လူဖြစ်ရခြင်းသာနေပျော်တဲ့ဘဝလို့ ခံယူထားတဲ့ ဆရာမအဖို့တော့ ပရဟိတက သူ့ဘဝပါပဲ။ ဆရာမရဲ့ ပရဟိတဘဝ အားကောင်းလာတဲ့အခါ စာပေဘဝက အလိုလိုအားလျော့သွားတယ်။ အများအတွက် ပရဟိတသမားစစ်စစ်တစ်ယောက် ရလိုက်ပေမဲ့ စာပေလောကအတွက်တော့ ကလောင်ကောင်းတစ်လက် ဆုံးရှုံးသွားရတယ်လို့လည်း ဆရာမရဲ့ရေးဖော်ရေးဖက်တွေက ဝမ်းပန်းတနည်း ပြောကြတယ်။ နိုင်ငံတော်ကပါ မျက်စိကျလာလို့ မဖြစ်မနေတာဝန်တစ်ခုယူရပြန်တဲ့အခါ ဆရာမနဲ့ စာပေဘဝက ငါးနှစ်တာကာလတစ်ခု ပိုလို့အလှမ်းဝေးသွားရပါတယ်။ ပြောရရင် အဲ့ဒီတာဝန်ကြောင့်ပဲ ရလိုက်တဲ့ အပိုဆုတစ်ခုကတော့ နောက်ထပ် ၂ နှစ်လောက် ကမ္ဘောဇာနာစရိယမရှိတဲ့ရိပ်သာမှာ တောရဆောက်တည်လိုက်ရတာပါပဲ။

ဝတ္ထုတစ်ပုဒ်အနေနဲ့ဆိုရင်တော့ ဆရာမဘဝမှာ ဇာတ်နာခဲ့ရတဲ့ ကာလတွေပေါ့။ ဆရာမက အငြိမ်ဇာတ်ရုပ် မဟုတ်ဘူး၊ အလှုပ်ဇာတ်ရုပ်။ ဆရာမကို ဘယ်တော့မှ ငြိမ်ငြိမ်ကလေး မတွေ့နိုင်ဘူး။ ရောက်လေရာအရပ်မှာ ပရဟိတနဲ့အတူ မနားမနေ လှုပ်ရှားသက်ဝင်နေတာ အဲ့ဒါ ဆရာမ သန်းမြင့်အောင်ပါပဲ။ ဆရာမရဲ့ ပရဟိတက ဟန်ဆောင်ပန်ဆောင် ပရဟိတ မဟုတ်ဘူး။ အကျိုးလိုလို့ ညောင်ရေလောင်းတဲ့ ပရဟိတ မဟုတ်ဘူး။ ဆယ်လီ ဖြစ်ချင်လို့ လုပ်တဲ့ ပရဟိတ မဟုတ်ဘူး။ နေရာလိုချင်လို့ လုပ်တဲ့ ပရဟိတ မဟုတ်ဘူး။

အသွေးအသားထဲမှာ မွေးကတည်းက ပါလာတဲ့ ပရဟိတပါ။ ပရဟိတကို ပရဟိတမှန်း မသိခင်ကတည်းက လူမသိသူမသိလုပ်လာခဲ့တဲ့ ပရဟိတပါ။ တကယ်တော့ ကျွန်တော်တို့ယူဆသလို ပရဟိတက စာရေးဆရာမဆိုတဲ့ဘဝကို မဖျက်ဆီးပါဘူး။ ပရဟိတက စာရေးဆရာဘဝကို ပိုပြီး အရောင်တင်ပေးခဲ့တာတွေတောင်ရှိပါတယ်။

ရေဝေး ထိန်ပင် ထားဝယ်ချောင်၊ ကျွန်မနှင့် ဘဝများစွာ၊ ငိုခြင်းရယ်ခြင်း


mgyoe.com

mgyoe.com SAMPLE BOOK

နီးခြင်းဝေးခြင်း၊ နေဝင်ချိန်၊ နံနက်ခင်း လင်းတဲ့ အိမ်ကလေးတွေ၊ ....... တဲ့ ဆရာမရဲ့ ရသမြောက် ဝတ္ထုတိုစုစည်းမှုတွေဟာ တခြားသူဖန်တီးလို့မရနိုင်တဲ့ ဆရာမရဲ့ ပရဟိတဘဝထဲက လက်တွေ့ကျကျ ပေါက်ဖွားလာတဲ့ စာအုပ်တွေပါ။ တစ်ခါတစ်ရံ လက်တွေ့ဘဝထဲက ဝတ္ထုတွေဟာ စိတ်ကူးယဉ်ဝတ္ထုတွေထက်တောင် ပိုပြီးဇာတ်နာတယ်လို့ သက်သေပြနေတဲ့ ဘဝသရုပ်ဖော်စစ်စစ် ဝတ္ထုတွေပါ။ အဲ့ထက်ပိုပြောရရင် လူသားတွေ အတွက် ကိုယ်ချင်းစာစိတ်နဲ့အတူ ပရဟိတစိတ်ကို နှိုးဆွပေးနိုင်တဲ့ ဝတ္ထုတွေပါ။

ဆေးကုရင်းစာရေးတဲ့ ဆရာဝန်တွေကို ဆရာဝန်စာရေးဆရာလို့ အမည်တပ်ကြသလို ပရဟိတလုပ်ရင်း စာရေးနေတဲ့ ဆရာမကို ပရဟိတစာရေးဆရာမလို့ အမည်တပ်သင့်ပါတယ်။ ဆရာမ သဘောတူမယ်ဆိုရင်ပေါ့။

တစ်ခုတော့ရှိပါတယ်။ ကျွန်တော်တို့ စာပေနယ်မှာ ဆရာဝန် စာရေးဆရာအတော်များများရှိပေမဲ့ ပရဟိတစာရေးဆရာမကတော့ မရှိသလောက်ရှားပါတယ်။

ဆရာမ သန်းမြင့်အောင်ရဲ့ ပရဟိတစာရေးဆရာဘဝ ယခု (၇၂) နှစ်ပြည့်မှသည် နှစ်တစ်ရာမက သံသရာအဆက်ဆက်တိုင်အောင် ရှင်သန်ထမြောက်ပါစေသော်ဝ်။

■ (ကို) ဂျူးကျော်

---

အစ်မသန်းမြင့်အောင်အကြောင်း ထို့ထက်ပို၍ ရေးချင်ပါသေးသည်။ အစ်မ၏ အများတွက် ကိုယ်ကျိုးစွန့်မှုများနှင့် နှိုင်းစာသော် ယခုစာစုသည် ဘာမျှ ဖြစ်လောက်သည် မဟုတ်။ မှန်ကူကွက် တစ်ကွက်စာမျှသာ။ တကယ်က အစ်မ အကြောင်း လုံးချင်းတစ်အုပ်စာမက ရေးသားဂုဏ်ပြုရမည် ဖြစ်ပါသည်။ တစ်ချိန် တော့ ဖြစ်လာလိမ့်မည်ထင်ပါရဲ့။ အစ်မရဲ့ တစ်ကိုယ်တော် မဂ္ဂဇင်းမှာတော့ ကျွန်တော် သည်မျှနှင့် စိတ်ဖြတ်လိုက်ပါသည်။

အစ်မသန်းမြင့်အောင်၏ (၇၂) နှစ်ပြည့် အထိမ်းအမှတ် တစ်ကိုယ်တော် မဂ္ဂဇင်းကို အခက်အခဲ ကြီးမားသော ယခုလိုကာလတွင်ဖြစ်မြောက်အောင် အကောင် အထည် ဖော်ပေးပါသော၊ ထို့ပြင် ယခု စာစုဖြင့် အစ်မကို ကျွန်တော် မဖြစ် စလောက် ရေးသား ကျေးဇူးဆပ်ခွင့်ရခြင်းအတွက်လည်းကောင်း ရွက်လွှာရိပ် စာအုပ်တိုက်နှင့်အတူ ပါဝင်ပတ်သက်ကြသူများအားလုံးကို အထူးကျေးဇူးတင်ရ ပါကြောင်း။

■ ဂျူးကျော်
၂၄-၈- ၂၀၂၃


mgyoe.com

mgyoe.com SAMPLE BOOK

# ဇရာမှတ်တိုင် (၇၂)

ဘဝခရီးမှာ တရွေ့ရွေ့နဲ့ မှတ်တိုင်တွေ တစ်ခုပြီးတစ်ခုကျော်ဖြတ်လာခဲ့ရင်း ဘဝရဲ့ နောက်ဆုံးမှတ်တိုင်နဲ့ တဖြည်းဖြည်း နီးကပ်လာချေပြီ။

ခရီးအတူသွားခဲ့ကြသူတွေ အချို့ဆက်လက်လျှောက်လှမ်းနေကြသလို၊ အချို့လည်း လမ်းခုလတ်တွင် အဆုံးသတ်သွားခဲ့ကြလေသည်။

မည်သို့ပင်ဆိုစေ ဆက်လျှောက်နေကြသူတွေ၊ အဆုံးသတ်သွားခဲ့ကြသူတွေရဲ့ လှပခိုင်ခန့်တဲ့မှတ်တိုင်တိုင်းကို ကျွန်မ အားကျစိတ်နှင့် မကြာခဏ စောင်းငဲ့လှမ်းမျှော်ကြည့်မိသည်။ ဂုဏ်ယူရမည့်သူတိုင်းကို သတိတရနှင့်အောက်မေ့တသရင်း ကျွန်မ မိုင်တိုင်(၇၂)ကိုကျော်ဖြတ်ခဲ့ပါပြီ။ လက်ပြနှုတ်ဆက်ရမည့် အချိန်တွင် အေးချမ်းစွာ ထွက်ခွာသွားချင်လာသည်။ ကျွန်မအတွက် မည်သူမျှ ဝန်မပိစေလိုပါ၊ သို့သော်ငြား မတောင်းဆို ရပါဘဲနှင့် ကျွန်မကို ခရီးတစ်ထောက်မှာ မောပြေ တိုက်ကျွေးကြသည့် ချစ်လှစွာသော ကျွန်မ၏ခရီးသွားဖော်များ၊ ရွက်လွှာရိပ်နှင့် ဖလပ်နီပဲ့ကိုင်ရှင်တို့၏ စိမ့်စမ်းရေ အေးအေးကလေးကိုဖြင့် ခုံမင်နှစ်ခြိုက်စွာ သောက်သုံးရင်း မရေရာ မသေချာသော မနက်ဖြန်များဆီ ခရီးဆက်ရပါဦးမည်။




■ သန်းမြင့်အောင်

(၂၀၂၃ စက်တင်ဘာလ-၂၅-ရက်အတွက် ၅-၉-၂၀၂၃တွင် ကြိုရေးပါသည်)

mgyoe.com

mgyoe.com
SAMPLE BOOK






# မျက်နှာပြင်ဓါးယာ

မှတ်တိုင်ပါတယ် ဆရာရေ့
နေ့သစ်များရဲ့ စကားလုံး၊
စဉ်းတီတုံး၊ စဉ်းတီတုံးတဲ့။
ပြုံးရတော့မလို
စဉ်းတီတုံးဆိုတာ
ခုတ်ထစ်ခံပစ္စည်း
ထိရာရှရာ များစမ်းပါစေ
ဒဏ်ရာဒဏ်ချက် သွေးမထွက်။
စဉ်းတီတုံးဆိုတာ
မျက်နှာပြင်မှာ အသားကျ
ခပ်ဆဆပဲ ခုတ်ခုတ်
နုပ်နုပ်ကလေးပဲ စဉ်းစဉ်း

mgyoe.com




ခပ်ပြင်းပြင်းပဲ လှိုးလှိုး
ညည်းလိမ့်မယ်လို့ မထင်နဲ့။
စဉ်းတီတုံးဆိုတာ
ပွားစီးမှုတွေ သွယ်ယှက်
ခါးသီးမှုကို ကွယ်ဝှက်ထားတဲ့
သစ္စာရဲ့ သိပ်သည်းအား
ဟော့... ကားဆရာ
ဒီမှာ ငါ စဉ်းတီတုံး...။

(ပန်းဝေသီမဂ္ဂဇင်း)

သန်းမြင့်အောင်

mgyoe.com

mgyoe.com SAMPLE BOOK



ဘသမီး ...

ပင်ပမ်းလှရောပေါ့ .

ပင်ပန်းတဲ့အခါ - ဘဘရဲ့ပန်းချီကားလေးကြည့်ပြီး

အပမ်းဖြေနိုင်ပါစေရယ်လို့ ...

ဘဘ

သက်ညွှန့် (ပန်းချီ)

၁၅၁/၁ - ၁၆ ရပ်မိုင်၊ ၂ .

ဝေဇယန္တာ လမ်း ပြော်ကြီး၊ သင်္ဃန်းကျွန်း

ဘဘဦးသက်ညွှန့်
(ပန်းချီ)

mgyoe.com

mgyoe.com SAMPLE BOOK

- ဒီမိုကရေစီသင်္ချိုင်းထဲမှာ ဝိုင်ဝိုင်ထွန်း
ဓာလသင်္ချိုင်းထဲမှာ — သန်းမြင့်အောင်
အထက်ဆုံး အသွက်ဆုံး မြန်မာ့အကျိုး
အကျိုး ပြုနိုင်ဆုံး ဖြစ်ကြပါစေ.
ဘဘ အသက်ရှစ်ဆယ့်နှစ်ကျော်ပါပြီ.
ဒီမိုကရေစီအောင်ပွဲကြီးမှာ ဆုံတွေ့ပါ
ရဖို့ ဟု ဆုတောင်းပါတယ်.

— နန်းညွန့်ဆွေ
(— သုခမိန် —)
၁၈-၂-၂၀၀၇-

နန်းညွန့်ဆွေ

မသန်းမြင့်ရေ

စာတမ်းသည် "ဂံ"
စာတမ်းကို ဖတ်ကြည့်လိုက်ပါ၊ လျှင်ဆုံးပါ.
နေ့ရာသီ၊ ကာလတိုတိုကလေး ဆို၊ မှန်ကန်
ဖြောင့်မတ်၊ တိကျပြတ်သား လုပ်ဆောင်မှုများကို
သာ၊ သံတိုနဲ့ ဆုံးဖြတ်ဆောင်ရွက်ပါ။"


အဝေးကတတ်ခါ နေ့ရာသီမှာ
တာဝန်ရှိသူများ သည်းခံ၊ ခွင့်လွှတ်ခြင်းနှင့်
လျှောက်လှမ်းပါ"
အားလုံး ကြည်နူးချမ်းသာနိုင်ပါ
ဒေါ်လေး ကြည်ဦး
၉.၁၀.၀၃

ဒေါ်လေးကြည်ဦး



mgyoe.com


mgyoe.com SAMPLE BOOK


For rememberance
To "Amay Aung"

Enduring tortures and sorrows,
The prisoner of life secures his life
and sow
A "hope" called "Tomorrow"

Eagle
Mg Linn Yone
(Shan State)
26.9.99

မောင်လင်းယုန်
(ရှမ်းပြည်)





ပန်းချီဝသုန်


mgyoe.com

mgyoe.com


SAMPLE BOOK





(အောင်သင်း)

အောင်သင်း



18 | 10 | 2003

လူထုစိန်ဝင်း

လူထုစိန်ဝင်း



mgyoe.com

mgyoe.com SAMPLE BOOK

၂၀.၁၁.၉၉.

သမီး သန်းမြင့်အောင်

[illegible]



[illegible]

လူထုဒေါ်အမာ

mgyoe.com

mgyoe.com SAMPLE BO


ဆရာ သန်းမြင့်အောင်

[illegible]
[illegible] ။
[illegible]
[illegible] ။

[illegible]


[illegible]

၇ ၃ ဝ၃


ညီပုလေး

mgyoe.com

mgyoe.com SAMPLE BOOK




ဒေါ်ကြည်ကြည်
(ဗတောင်သွင်ဝန်း)




ခင်ဆွေဦး

mgyoe.com

mgyoe.com

SAMPLE BOOK



လူ့ဘဝပေါက်အဖို့ အသက်ရှည်ရေး
သည် အရေးကြီးသော်လည်း ထိုထက် အသက်ရှင်စဉ်
တိုင်းပြည်အတွက် အများအတွက် ဘာတွေ
ကောင်းကျိုးပြုသွားသလဲဆိုတာက အရေး
အကြီးဆုံးဖြစ်သည်။

လေထီးဦးအုန်းမောင်
၁၀.၁၀.၉၉

လေထီးဦးအုန်းမောင်

24.6.2001.

သန်းမြင့်အောင်

ဆရာ မြသန်းတင့်က ပြော
ဖူးတယ်.. ဝါရေး ဆရာ ဘာသာ
ခံထားရင် စာရေးတယ်.
နင်လဲ လေ့လာနေနော် - ဒါပဲ
ညီမလေးကိုချစ်တဲ့
မမဝင်း


ကလျာ(ဗိဇ္ဇာ-သိပ္ပံ)



mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်းပါး



# လူငယ်နှင့် ပရဟိတ

ပရဟိတလုပ်ငန်းတွေကို စိတ်ပါဝင်စားပြီး အများကောင်းကျိုး ဆောင်ရွက်လိုကြတဲ့ လူငယ်လေးတစ်စုက ကျွန်မကို လူငယ်နှင့် ပရဟိတ ဆောင်းပါးလေး တစ်ပုဒ်လောက် ဖတ်ချင်ပါတယ်။ ပြီးတော့ အဲဒီဆောင်းပါးလေးကို သူတို့ ပရဟိတလူငယ်တွေကြားထဲ ဖြန့်စေချင်ပါတယ်လို့ တောင်းဆိုလာခဲ့တဲ့အတွက် ကျွန်မ ဒီဆောင်းပါးကို ရေးဖြစ်တာပါ။

ရွက်လွှာရိပ်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

လူငယ်တွေဟာ မြန်မာ့လူ့အဖွဲ့အစည်း မြင့်မားတိုးတက်ဖို့အတွက် အားကောင်းတဲ့ ရေသောက်မြစ်တွေပါ။

တကယ်တော့ ကလေးအရွယ်ကတည်းက အပြစ်ကင်းပြီး ဖြူစင်နူးညံ့တဲ့ နှလုံးသားပိုင်ရှင်ကလေးတွေအဖြစ် လူ့လောကထဲကို ရောက်ရှိခဲ့ကြသူတွေမို့ အင်မတန် ပုံသွင်းရ လွယ်ကူပျော့ပျောင်းတဲ့ ဖယောင်းရုပ်ကလေးတွေလိုပါပဲ။ လူမှန်း သိတတ်စအရွယ်မှာ အလေ့အကျင့်ကောင်းကလေးတွေ ရသွားဖို့သာ အရေးကြီးတာပါ။

အဲဒီမှာ ကျွန်မသတိရလိုက်မိတာက လူငယ်ယဉ်ကျေးလိမ္မာသင်တန်း ပို့ချပေးနေတဲ့ ကျွန်မကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီး ဆုံးမညွှန်ကြားတော်မူလိုက်တဲ့ ဩဝါဒစကားတွေပဲ ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလိုလို ကျွန်မ ရန်ကုန်၊ ဗဟန်းမြို့နယ်ထဲက ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူတဲ့ ပင်မကျောင်းတိုက်ကြီး အပါအဝင် ကျောင်းတိုက်ခွဲတွေဖြစ်တဲ့ သန်လျင်၊ ထောက်ကြန့်၊ ပဲခူးဆယ်မိုင်ကုန်း၊ ပြင်ဦးလွင်မြို့များမှာ ကျင်းပတဲ့ ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးလိမ္မာသင်တန်းများကိုလည်း ရောက်လေ့ရှိပါတယ်။ သည်နှစ်နွေရာသီ ဆရာတော်ဘုရားကြီး သီတင်းသုံးတဲ့ ကျောင်းတိုက်ကို ရောက်တဲ့နေ့မှာ ထုံးစံအတိုင်း သင်တန်းပြီးတဲ့အချိန် ဆရာတော်ဘုရားကြီးကို ဝတ်ဖြည့်ရပါတယ်။ ဆရာတော်ဘုရားကြီးက သက်တော်ကိုးဆယ်ကျော်ပေမယ့် မမေ့မလျော့ ပြတ်ပြတ်သားသား အဖိုးတန်စကားများနဲ့ အမြဲဆုံးမ ဩဝါဒပေးလေ့ ရှိပါတယ်။ အဲဒီအခါမှာလည်း ဆရာတော်က သူ သိလိုတာလေးတွေကို အရင်မေးပြီးတော့မှ ပညာပါတဲ့ ဩဝါဒမျိုးကို ပေးလေ့ရှိပါတယ်။ ဒီနှစ်လည်း ကျွန်မကို မေးခွန်းလေးတွေနဲ့ စပါတယ်။

"ဆရာမ ဟောတာပြောတာ ကောင်းပါတယ်။ ယဉ်ကျေးလိမ္မာသင်တန်းတွေ အတော်ရောက်တယ်ဆို ဟုတ်လား"

"မှန်ပါ့ဘုရား"

"ယဉ်ကျေးလိမ္မာက ကလေးတွေကို သင်တာလား။ လူငယ်တွေကို သင်တာလား"

"ကလေးတွေရော၊ လူငယ်တွေရောပါပဲ ဘုရား"

"ကလေးတွေက ဘယ်အရွယ်၊ လူငယ်တွေက ဘယ်အရွယ်ပါလိမ့်"

"မူလတန်း၊ အလယ်တန်းကလေးတွေနဲ့ အထက်တန်းနဲ့ တက္ကသိုလ်အရွယ် လူငယ်တွေပါ ဘုရား"

"ဟုတ်ပြီ၊ အဲဒီတော့ လူငယ်တွေကို သွန်သင်တဲ့အထဲမှာ မိကောင်းဖကောင်း ဖြစ်အောင်ကော သင်ကြားပေးကြရဲ့လား" တဲ့။

ကျွန်မ ရုတ်တရက် ဘယ်လိုဖြေရမှန်းမသိဘူး ဖြစ်သွားတယ်။ ကျွန်မက သိပ်ပြီး တော်လှ၊ တတ်လှတာ မဟုတ်ပါဘူး။ ကျွန်မထက်ပိုပြီး တတ်သိနားလည် ပညာကြွယ်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK


ဆရာတော်တွေ၊ ကျွန်မကို သင်ကြားပြသပေးတဲ့ ကျွန်မရဲ့ ဆရာကြီး ဦးသစ်ဆန်းလွင်နဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဆီက နည်းနာတွေနဲ့ သင်ကြားနေတာပါ။ ဆရာတော် မေးတဲ့ မေးခွန်းနဲ့ ဆရာတော် လိုချင်တဲ့ အဖြေကို ကျွန်မ ဆရာကြီးသာဆိုရင် ကောင်းကောင်းဖြေနိုင်မှာပဲလို့ တွေးမိနေတုန်းမှာ ဆရာတော်ကြီးက -

"ကလေးတစ်ယောက်မှာ မိကောင်းဖကောင်းဟာ သိပ်အရေးကြီးတယ်၊ ယနေ့ ခေတ်လူငယ်တွေ ခုတွေ့ခုကြိုက် မစဉ်းစားမဆင်ခြင် ရေ့ရေးဘာမှ မမျှော်တွေးဘဲ အလွယ်တကူ ယူလိုက်ကြတာ ကိုယ်မွေးလာမယ့် ကလေးတွေကို ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ဘာတွေများ စနစ်တကျဖြစ်အောင် ပြုစုပျိုးထောင်ဖို့ ကြိုတင်ပြင်ဆင်ထားကြရမယ် ဆိုတာ သိကြရဲ့လား။ အဲဒါကတော့ အရေးမကြီးဘူးလား။ မိကောင်းဖကောင်းက မွေးမှ၊ စနစ်တကျ ပြုစုပျိုးထောင်မှ သားကောင်း၊ သမီးကောင်းလေးတွေ ဖြစ်ကြမယ် မဟုတ်ဘူးလား" တဲ့။

ဟုတ်လိုက်တာနော်။ ဆရာတော်ကြီး ပြောတာ မှန်လိုက်တာ။

"အဲဒီ မိကောင်းဖကောင်းက မွေးလိုက်တဲ့ သားကောင်း၊ သမီးကောင်းလေးတွေ ဆိုရင် လူမှန်းသိတတ်စကတည်းက လိမ္မာရေးခြား ရှိပြီးသားဆို သင်ရတာ ပိုမလွယ်ကူပေဘူးလား။ လူငယ်ဘဝမှာ ကတည်းက သီလရှိပြီးသား၊ ရိုးသားဖြောင့်မတ်ပြီးသားဆို မျိုးဆက်အလိုက် သိပ်တပင်တပန်းကြီး ပြုပြင်နေစရာမလိုတဲ့ လူကောင်းသူကောင်းတွေ ဖြစ်သွားကြမယ် မဟုတ်ဘူးလား။ အဲဒါကြောင့် ခုခေတ် လူငယ် အပျိုလူပျိုကလေးတွေကို တစ်နေ့နေ့မှာ မိကောင်းဖကောင်းဖြစ်အောင် သင်ကြဦး" တဲ့။

ကလေးအရွယ်ကတည်းက အပြစ်ကင်းပြီး ဖြူစင်နူးညံ့တဲ့ နှလုံးသားပိုင်ရှင် ကလေးတွေအဖြစ် လူ့လောကထဲကို ရောက်ရှိခဲ့ကြသူတွေမို့ အင်မတန် ပုံသွင်းရ လွယ်ကူပျော့ပျောင်းတဲ့ ဖယောင်းရုပ်ကလေး တွေလိုပါပဲ။



ရှက်လွှာရိပ်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

တကယ်တွေးတတ်ရင် အလွန်လေးနက်ပြီး အဖိုးတန်တဲ့ ဩဝါဒပါ။ ဒါကြောင့် လူငယ်တွေ သူငယ်ချင်းအချင်းချင်း ဝေမျှပြီး ပရဟိတလုပ်လိုက်ကြပါဦးနော်။ အစားကောင်းကလေး စားရရင် ချစ်တဲ့သူတွေကို သတိရတတ်သလို စကားကောင်းလေး ကြားရရင်လည်း သတိတရပြောပေးကြပါဦး။

✦

အခုချိန်ခါ ရပ်ရွာဒေသ အသီးသီးမှာရှိကြတဲ့ လူငယ်တွေ လူမှုရေးနဲ့ ပရဟိတ အလုပ်တွေကို စိတ်ဝင်စားလာကြတာ၊ အသင်းအဖွဲ့တွေဖွဲ့ပြီး တက်တက်ကြွကြွ ဆောင်ရွက်နေကြတာကို မြင်ရတွေ့ရတာ အလွန်ပဲ အားတက်စရာ ကောင်းပါတယ်။ လူငယ်ဆိုတာ နိုင်ငံရဲ့ အနာဂတ် ပြည့်လက်ရုံးတွေပါ။ လူငယ်ထုတစ်ရပ်လုံး မြန်မာ့လူ့ဘောင် အပြောင်းအလဲအတွက် မွန်မြတ်လှတဲ့ ပရဟိတလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ကြမယ်ဆိုရင် ကျွန်မတို့ လူ့အဖွဲ့အစည်းတစ်ခုလုံး မလွဲမသွေ ချမ်းသာသုခရကြမှာပါ။

အဘက်ဘက်က လိုအပ်နေတဲ့ ကျွန်မတို့ရဲ့ လူ့အဖွဲ့အစည်း၊ လူ့အသိုက်အဝန်းမှာ ဖြည့်စွက်စရာ ကွက်လပ်တွေ အများကြီးပါ။ လူငယ်တွေအနေနဲ့ ရပ်ရေးရွာရေး၊ သာရေးနာရေးတင်မကတဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး... စတဲ့ ခေါင်းစဉ်ကြီးတွေရဲ့အောက်မှာ ဖြာထွက်နေတဲ့ ခေါင်းစဉ်ငယ်တွေလည်း အများကြီး ပါပဲ။

ဥပမာ... ပညာရေးဆိုရင် ပညာဒါနအဖြစ် အခမဲ့စာသင်ပေးတာ၊ စာသင်ကျောင်းတွေမှာ စာရေးကိရိယာနဲ့ ပရိဘောဂလှူဒါန်းတာ၊ ယဉ်ကျေးလိမ္မာသင်တန်းတွေ သင်ပေးတာ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေ၊ သီလရှင်သင် ပညာရေးကျောင်းတွေမှာ ပညာသင်စရိတ်ထောက်ပံ့တာ၊ စာကြည့်တိုက်တွေ၊ ရွေ့လျားစာကြည့်တိုက်တွေ ဖွင့်လှစ်တာ၊ စာအုပ်စာပေတွေ လှူဒါန်းတာ၊ လူငယ်အရည်အသွေး စွမ်းရည်မြှင့်သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးတာ၊ စာပေနဲ့ အခြားအသိပညာ၊ အတတ်ပညာဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ ပြုလုပ်ကျင်းပပေးတာ၊ ပြည်သူ့အကျိုးပြု စာအုပ်စာပေ၊ ဂျာနယ်၊ လက်ကမ်းစာစောင်တွေ ရိုက်နှိပ်ဖြန့်ဝေပေးတာ၊ အလုပ်လက်မဲ့တွေအတွက် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးတာ... စသည်ဖြင့်ပေါ့။

ခေါင်းစဉ်တိုင်း ခေါင်းစဉ်တိုင်းရဲ့အောက်မှာ လုပ်ဆောင်စရာတွေ အများကြီးပါ။ လိုအပ်တဲ့နေရာမှာ လိုအပ်တဲ့ ကွက်လပ်လေးတွေကို ဝင်ရောက်ဖြည့်စွက်ပေးနေရင်းနဲ့ကို လုပ်စရာတွေက ဆက်တိုက်ဆက်တိုက် ပေါ်လာပါလိမ့်မယ်။ ကျွန်မတို့ဆီမှာ လိုအပ်တာတွေကလည်း များလှတာကိုး။ ဒါပေမဲ့ အချို့နေရာတွေမှာ သတိပြုကြရမှာက လိုအပ်ချက်ကို


mgyoe.com

mgyoe.com SAMPLE BOOK

ဖြည့်ရင် ပြည့်ပေမယ့် လောဘကို ဖြည့်ရင်တော့ ဘယ်တော့မှ မပြည့်နိုင်ဘူး ဆိုတာပါပဲ။ တစ်ခါတစ်ရံမှာ ကျွန်မတို့က စေတနာလွန် သဒ္ဓါကျွံမိနေတာနဲ့ ခဏတစ်ဖြုတ် ဖြည့်စွက်ပြီး သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ပေးရမယ့်အစား သူတို့ကို အစွမ်းအစတုံးပြီး မှီခိုချင်စိတ်တွေ အမြစ်တွယ်လာအောင် အကျင့်မလုပ်မိဖို့ကလည်း အရေးကြီးပါသေးတယ်။


အချိန်အခါ၊ နေရာဒေသနဲ့ အဖြစ်အပျက်အပေါ် မူတည်ပြီး ဉာဏ်သုံးရမယ့် ပရဟိတအလုပ်တွေကိုလည်း သတိပြုစေချင်ပါတယ်။ အချို့နေရာတွေမှာ ရုပ်ပိုင်းဆိုင်ရာတွေကို မဖြစ်မနေ ခဏတစ်ဖြုတ် ဖြစ်စေ၊ ကာလကြာရှည်ဖြစ်စေ လုပ်ကိုလုပ်ပေးရမှာ ဖြစ်ပေမယ့် အချို့နေရာတွေမှာ သူတို့ရဲ့ ရေရှည်အကျိုးစီးပွားအတွက် စိတ်ပိုင်းဆိုင်ရာတွေကို ပြုပြင်ပြောင်းလဲပေး ကြဖို့ အလွန်အရေးကြီးပါတယ်။ မိသားစုတိုင်းမှာ သမ္မာအာဇီဝကျကျနဲ့ ဝမ်းစာဖူလုံတဲ့ စီးပွားရေးရှိဖို့နဲ့ သူတို့ကိုယ်တိုင်လည်း ကြိုးစားချင်စိတ်ရှိဖို့ လိုပါတယ်။

သည့်ထက် အရေးကြီးတာက သူများကို ဖြည့်စွက်ပေးမယ့်သူဖြစ်တဲ့ မိမိကိုယ်တိုင် ကလည်း အရည်အသွေးပြည့်ဝဖို့ လိုပါတယ်။ အဲဒီအတွက် တစ်ဖက်ကလည်း အခါအခွင့် သင့်ရင် သင့်သလို အမျိုးအကျိုးရှိစေမယ့် ပညာရပ်တွေကို လေ့လာဆည်းပူးသင်ယူဖို့နဲ့ ကိုယ့်ထက်တော်တဲ့ တတ်တဲ့၊ လုပ်နိုင်စွမ်းရှိတဲ့သူတွေအပေါ် မုဒိတာပွားနိုင်ဖို့ပါပဲ။

နောက်ထပ် အရေးကြီးတဲ့ အချက်မှာ ကျွန်မတို့ ပရဟိတသမားတွေဆိုတာ အလှူရှင်နဲ့ အလှူခံပုဂ္ဂိုလ်တို့ရဲ့အကြားမှာ ယုံကြည်အားထားခြင်း ခံရသူများ ပီသစွာ ရိုးဖြောင့်မှန်ကန်မှုရှိပြီး သစ္စာတရားကြီးမားရပါလိမ့်မယ်။ အမြဲတမ်း လိပ်ပြာသန့်နေတဲ့သူ

ရှက်လွှာရိပ်စာအုပ်တိုက်

လူငယ်တွေအနေနဲ့
ရုပ်ရေးရှာရေး၊ သာရေး နာရေး
တင်မကတဲ့ ကျန်းမာရေး၊ ပညာရေး၊
စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေး...
စတဲ့ ခေါင်းစဉ်ကြီးတွေရဲ့အောက်မှာ
ဖြာထွက်နေတဲ့
ခေါင်းစဉ်ငယ်တွေလည်း
အများကြီးပါပဲ။



mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်ဖို့ လိုပါတယ်။ အဲဒီအတွက် အနည်းဆုံးတော့ 'ငွေကြေးနဲ့ ပစ္စည်းဥစ္စာ အမြတ်ထုတ်မှု' ကင်းရှင်းဖို့နဲ့ 'လူမှုရေး ရှုပ်ထွေးဖောက်ပြန်မှု' ကင်းရှင်းဖို့ လိုပါတယ်။ လောကကြီးမှာ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိကြတာမို့ လူယုံကြည်ခြင်း၊ မယုံကြည်ခြင်းထက် မိမိကိုယ်မိမိ လိပ်ပြာသန့်သန့်နဲ့ နေထိုင်ပြီး ဉာဏ်ပညာကြီးမားတဲ့ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ပြစ်တင် ရှုတ်ချခြင်းကင်းအောင် နေတတ်ဖို့ လိုပါတယ်။ ပရဟိတသမားတစ်ယောက်အဖို့ လူမှုဆက်ဆံရေးမှာလည်း ပြေပြစ်သိမ်မွေ့ရပါလိမ့်မယ်။ ယဉ်ကျေးပျူငှာရှိရုံမက ပြဿနာတစ်ရပ်နှင့် တွေ့ကြုံရင်ဆိုင်ရတဲ့အခါတိုင်း မိမိရဲ့ယုံကြည်ချက်နဲ့ ရပ်တည်ချက်ကို အထိအခိုက်မခံဘဲ အောင်မြင်အောင် ဖြေရှင်းနိုင်ဖို့လည်း လိုအပ်တာမို့ အစကနဦးကတည်းက မူဝါဒကောင်းကောင်း ချမှတ်ထားဖို့ လိုပါတယ်။ ဒါမှ လူအများနဲ့ လုပ်တဲ့နေရာမှာ ဝိဝါဒတွေ ကွဲပြားပြီး အဖြေရှာဖို့လိုအပ်တိုင်း လူကိုမကြည့်ဘဲ မူအတိုင်း တရားမျှတစွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

✦

လူငယ်တွေကို မဖြစ်မနေ လုပ်စေချင်တဲ့ ပရဟိတလုပ်ငန်းတစ်ခု ရှိပါတယ်။ အဲဒါကတော့ သွေးလှူဒါန်းခြင်းပါပဲ။ လူသားတစ်ယောက် လူ့လောကကြီးထဲမှာ အသက်ရှင်ရပ်တည်နေထိုင်နိုင်ဖို့အတွက် သွေးဟာ သိပ်အရေးကြီးပါတယ်။ လူ့သွေးနဲ့ ထပ်တူညီတဲ့ အရာ၊ သို့မဟုတ် ဆေးဝါးဆိုတာ ခုချိန်ထိ မပေါ်ပေါက်သေးပါဘူး။ သွေးအစားထိုးသွင်းပြီး ကုသမှ အသက်ရှင်နိုင်မယ့် လူနာအတွက် သွေးလှူတဲ့သူမှမရှိရင် အသက်ဆက်လက်ရှင်သန်နိုင်ဖို့ အတော်ခဲယဉ်းသွားပါပြီ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သွေးရောဂါဌာနကို သွားရောက်လေ့လာကြည့်ရင် အနယ်နယ်အရပ်ရပ်က သွေးကင်ဆာဝေဒနာရှင်တွေနဲ့ အခြားသွေးနဲ့ပတ်သက်တဲ့ ရောဂါဝေဒနာ ခံစားနေရတဲ့သူတွေ အများအပြား တွေ့ရပါလိမ့်မယ်။ သူတို့ဟာ သူတို့ခန္ဓာကိုယ်မှာ ပျက်စီးယိုယွင်းသွားတဲ့ သွေးကို ပုံမှန်ပြန်ရောက်ပြီး ဆက်လက် အသက်ရှင်ကြဖို့အတွက် အခြားသူတွေဆီက သွေးကို အချိန်မှန်မှန်သွင်းပြီး အသက်ရှင်နေကြရတာပါ။ အင်မတန် အသက်အန္တရာယ်နဲ့ နီးပြီး သောကများလှတဲ့ သွေးရောဂါသည်တွေဟာ သူတို့အသက်ကို ကယ်တင်နိုင်မယ့် သွေးအလှူရှင်တွေကို မွတ်သိပ်တမ်းတစွာ စောင့်မျှော်လျက်ရှိနေကြပါတယ်။ သည့်အပြင် ရုတ်တရက် ခွဲစိတ်ကုသမှု ခံယူကြရတဲ့ အရေးပေါ်လူနာတွေ၊ နှလုံးခွဲစိတ်မယ့်သူတွေ၊ ဗိုက်ခွဲမွေးရမယ့် ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ၊ ခွဲစိတ်ကုသခံကြရမယ့် ကလေးသူငယ်တွေ၊ သွေးလွန်တုပ်ကွေးရောဂါကြောင့် ခန္ဓာကိုယ်တစ်ခုလုံး သွေးလဲပစ်ရမယ့် ကလေးငယ်တွေ၊ အခြားအခြားသော ရောဂါသည်တွေ အများစုဟာ သွေးလိုအပ်လျက် ရှိနေကြတာမို့ အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးသော

ရှက်လှာရိပ်စာအုပ်တိုက်
mgyoe.com

mgyoe.com SAMPLE BOOK


လူငယ်လူရွယ်တိုင်း သွေးလှူဒါန်းတဲ့ ပရဟိတ သွေးအလှူရှင်အဖွဲ့ကလေးတွေ ဖွဲ့ကြစေချင်ပါတယ်။

ကိုယ့်ရဲ့အသက်သွေးကို သူတစ်ပါးကို လှူဒါန်းလိုက်ရတဲ့အတွက် ကိုယ့်ခန္ဓာကိုယ်ထဲမှာ အဲဒီသွေးဟာ ခုနစ်ဆယ့်နှစ်နာရီအတွင်း ပြန်ပြည့်လာတာမို့ ကိုယ့်မှာလည်း ယုတ်လျော့မသွားပါဘူး။ သွေးလှူခြင်းဟာ ကိုယ့်ရှိတဲ့ အလင်းရောင်မီးညွန့်ကလေးကို ငြိမ်းနေတဲ့ မီးတောက်လေးတွေကို လိုက်တို့ထွန်းညှိပေးလိုက်သလိုပါပဲ။ ကိုယ်လည်း အလင်းမပျောက်၊ သူများဆီလည်း အလင်းရောက်စေသလို ကိုယ့်အသွေးအသားကို ထုတ်ယူ လှူဒါန်းလိုက်ရတဲ့အတွက် ဥပဒါနပါရမီမြောက်တဲ့ ကုသိုလ်ထူးကိုလည်း ခံစားရပါတယ်။

သည့်အပြင် ကိုယ့်ကြောင့် အသက်ရှင်သန်ခွင့်ရသွားတဲ့ သူတစ်ယောက်ကို မြင်တွေ့ရလို့ ဝမ်းသာကြည်နူးရတဲ့ ပီတိအဟုန်ဟာ ဘာနဲ့မှလဲလို့မရတဲ့ ခံစားမှုမျိုးဆိုတာ ကိုယ်တွေ့ကြုံကြရပါလိမ့်မယ်။ အဲဒီအခါမှာ လေးလတစ်ကြိမ်သာ လှူဒါန်းခွင့်ရတဲ့ မိမိသွေးကို သဒ္ဓါစိတ်ရှေ့ရှောက်နေတဲ့ ဆန္ဒကြောင့် အမြဲတမ်းသန့်စင်တဲ့သွေးဖြစ်နေဖို့ လိုအပ်တာမို့ မှားယွင်းတဲ့ အမူအကျင့်ကိုလည်း မပြုဖြစ်အောင် ရှောင်ကြဉ်နေပြီးသား ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် သူ့အတွက်ရော ကိုယ့်အတွက်ပါ အကျိုးရှိပြီး ကျန်းမာရေးအတွက်လည်း လုံခြုံ စိတ်ချရ၊ ဂုဏ်သိက္ခာလည်း မြင့်မားတဲ့ သွေးလှူရှင်ဘဝကို လူငယ်တိုင်း ခံယူကြစေချင်ပါ တယ်။

ပရဟိတအလုပ်ဆိုတာ အချို့က အများနဲ့လုပ်မှ ဖြစ်မယ်၊ ကိုယ့်တစ်ယောက်တည်း လုပ်လို့မရနိုင်ဘူးလို့ ထင်ကြသူတွေ၊ လုပ်တော့လုပ်ချင်သား အချိန်မရှိလို့ မအားလပ်လို့၊ လုပ်ခွင့်မသာသေးလို့

လောကကြီးမှာ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိကြတာမို့ လူယုံကြည်ခြင်း၊ မယုံကြည်ခြင်းထက် မိမိကိုယ်မိမိ လိပ်ပြာသန့်သန့်နဲ့ နေထိုင်ပြီး ဉာဏ်ပညာကြီးမားတဲ့ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ပြစ်တင် ရှုတ်ချခြင်းကင်းအောင် နေတတ်ဖို့ လိုပါတယ်။




mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ပျက်အားလျော့နေကြသူတွေကိုလည်း စကားလက်ဆောင် ပါးချင်ပါသေးတယ်။ ပရဟိတအလုပ်ဆိုတာ အများအကျိုးဆောင်ရွက်တာမှ မဟုတ်ပါဘူး။ သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်းဟာလည်း ပရဟိတပါပဲ။ သွားရင်းလာရင်း၊ ပုံမှန်လှုပ်ရှား ရုန်းကန်နေထိုင်ရင်းကပဲ မိမိကြောင့် သူတစ်ပါး ချမ်းသာရရသွားမယ့် ကိစ္စလေးတစ်ခုကို ပြုပေးလိုက်ရင်လည်း ပရဟိတပါပဲ။

ဥပမာ - ဘတ်(စ်)ကားပေါ်မှာ အသက်ကြီးရွယ်အို၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင် မိခင်လောင်းတွေကို ကိုယ်ရထားတဲ့ နေရာလေးကို ပေးလိုက်တာ၊ ကူညီလမ်းပြပေးတာ၊ ကိုယ့်ချွေးနဲ့စာကလေးကို လိုအပ်တဲ့နေရာကို လှူဒါန်းပေးလိုက်တာဟာလည်း မြင့်မြတ်တဲ့ ပရဟိတပဲဆိုတာကို သိစေချင်ပါတယ်။ အရေးကြီးတာက ကိုယ့်ရဲ့'စိတ်'ပါ။ အမြဲတမ်း သူတစ်ပါးကို ကူညီချင်တဲ့ ကုသိုလ်စိတ်ကလေး ကိုယ့်မှာ ကိန်းအောင်းနေတာဟာ ပရဟိတစိတ်ပါပဲ။ ကျွန်မတို့ကလေးငယ်တွေကို ယဉ်ကျေးလိမ္မာသင်တန်းမှာ သင်ကြားလေ့ရှိတဲ့ ကဗျာလေးထဲကလို အပြစ်ကင်းကင်း၊ လိပ်ပြာသန့်သန့်နဲ့ ကိုယ့်အတွက် အကျိုးအမြတ် မမျှော်ကိုးဘဲ သူတစ်ပါးရဲ့ ကောင်းကျိုးကို ဆောင်ရွက်ပေးလိုက်တဲ့...

'အပြစ်ကင်းကာ ကောင်းကျိုးပေး... အလုပ်တွေဟာ ကုသိုလ်ရေး' ဆိုသလို လူအများအတွက် ကိုယ်ကျိုးစွန့်မှ မဟုတ်ပါဘူး။ သူတစ်ပါးအတွက် ကုသိုလ်စိတ်ကလေးနဲ့ ကိုယ် တတ်နိုင်သလောက် ဆောင်ရွက်ပေးလိုက်တာဟာလည်း ပရဟိတပါပဲ။

လူငယ်တိုင်း... လူငယ်တိုင်း...

အများအကျိုး... သူတစ်ပါးအကျိုး... သယ်ပိုးဆောင်ရွက်နိုင်သော ပရဟိတသမားများ ဖြစ်နိုင်ကြပါစေ။

လူမှုပရဟိတနယ်ပယ်စာအုပ်မှ

❒



mgyoe.com

mgyoe.com
SAMPLE BOOK

ဆောင်းပါး




'လူဆိုတာ ကိုယ်ကျိုးစွန့်တဲ့စိတ်နဲ့ အများအတွက် အနစ်နာခံတဲ့ စိတ်ကလေးမှ မရှိရင် အခြားသတ္တဝါတွေနဲ့ ဘာများထူးဦးမှာလဲ အတွတ်ရယ်...'

ထိုစကားစုကို စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု၏ 'မွေး' ဝတ္ထုတွင် ကျွန်မ ဖတ်ခဲ့ရဖူးသည်။ ထိုစကားသည် ကျွန်မ၏

ရှက်လွှာရိပ်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

နှလုံးသားကို တိုက်စားဖန် များလာသောအခါ 'ကိုယ်ကျိုးစွန့်ခြင်း'နှင့် 'အများအတွက် အနစ်နာခံခြင်း' ဟူသော အကြောင်းတရားများ ပေါင်းစပ်ရာမှ ဖြစ်ပေါ်လာသော ဝေါဟာရမှာ 'ပရဟိတ'ဟု သိမှတ်စပြုလာသည်။

ထိုမှတစ်ဖန် 'ပရဟိတ'ဟူသည် မိမိအကျိုးမှလွဲ၍ တစ်ပါးသူအတွက် ကောင်းကျိုး ရှိစေနိုင်သော၊ ထိုကောင်းကျိုးကြောင့် ၎င်းတို့အတွက် တစ်စုံတစ်ရာ ပြည့်စုံ၍ ဝမ်းမြောက် ပီတိ ဖြစ်စေနိုင်ခြင်း၊ တစ်ပါးသူအတွက် လိုအပ်သောအရာကို မညည်းမညူ ဖြည့်ဆည်းပေး ခြင်းဖြင့် သူတစ်ပါး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းကို မိမိက တစ်ဖန် ကျေနပ်စွာ ပြန်လည် ခံစားရခြင်းတို့ကြောင့် ကုသိုလ်စိတ်ကို ဖြစ်စေသဖြင့် မြင့်မြတ်သော လုပ်ငန်း ဟူ၍လည်း ပိုမိုခင်တွယ်လာခဲ့ရပြန်သည်။

ထိုပရဟိတစိတ်မျိုးကို ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းတွင် ငယ်ရွယ်နုနယ်သော လူငယ်များတွင် ပို၍ ဖြစ်တည်စေချင်ပါသည်။ ပကတိစိတ် အဖြူရောင်ရှိသော လူငယ်များ ၏ ကြီးမြတ်သော ဂုဏ်တစ်ရပ်မှာ 'ရိုးသားမှု'ပင် ဖြစ်သည်။ လူငယ်ဘဝမှစ၍ 'ပရဟိတ' စိတ်ကို မွေးပါက နောက်နောင် မျိုးဆက်သစ်များ အတုယူထပ်ပွားပြီး အရှည်သဖြင့် လူ့ဘောင်တွင် 'ကွာဟမှုများ' နည်းပါး ပျောက်ပျက်သွားမည် ဖြစ်သည်။

အရာရာတွင် မိမိတစ်ဦးတည်းအတွက် လိုအပ်ချက်များ၊ လောဘများ ရှင်သန်ပြီး 'ငါ'တွေ များနေလျှင်ဖြင့် လူ့အဖွဲ့အစည်းတွင် ကွက်လပ်တွေများပြီး နိမ့်ကျသူများအတွက် ကူရာကယ်ရာမဲ့ကာ လူတန်းစားမညီမျှမှုတွေ ကြီးမားကျယ်ပြန့်လာမှာ မလွဲပေ။ လူတိုင်း

> လူငယ်များတွင် 'ရိုးသားမှု' ဟူသော ဂုဏ်တစ်ရပ်တင်မက
> 'စွန့်စားလိုစိတ်' အများဆုံး ပေါက်ဖွား ဖြစ်ပေါ်လာသော
> အချိန်အခါသည်လည်း ငယ်ဘဝမှာပင် ဖြစ်သည်။
> ထိုစွန့်စားလိုစိတ်ကို ကိုယ်ကျိုးစွန့်သည့်ဘက်သို့ တွန်းပို့၍
> ရိုးသားစိတ်နှင့် ပေါင်းစပ်လိုက်လျှင်ဖြင့်
> ပရဟိတသမား လူငယ်များအဖြစ်သို့ ရောက်လာမည်မှာ
> မလွဲမသွေပင် ဖြစ်တော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်စီ မိမိပတ်ဝန်းကျင်တွင် မြင်မြင်သမျှ ကွက်လပ်ကလေးများကို ဖြည့်စွက်ပေးကြခြင်းဖြင့် ပရဟိတစိတ်များ မွေးကြစေချင်ပါသည်။ ထို့အတွက် မိမိ၏ 'အချိန်'၊ 'အင်အား'၊ 'ငွေအား' စသည်တို့ကို ရင်းနှီးမြှုပ်နှံရမှာဖြစ်ပြီး အကျိုးအမြတ်ကတော့ သူတစ်ပါး၏ ချမ်းသာသုခကို ပီတိဖြစ်ရသော မုဒိတာစိတ်ပင် ဖြစ်သည်။ ထိုမှသာ ပရဟိတသမားစစ်စစ် တစ်ယောက်အဖြစ် လူရိုသေ ရှင်ရိုသေ ရပ်တည်နိုင်ကြမည် ဖြစ်ပေသည်။

'လူရိုသေ ရှင်ရိုသေ' ပရဟိတသမားကောင်းဖြစ်ရန် အနည်းဆုံး အချက် ၂ ချက်တော့ ရှိရန်လိုအပ်သည်။ ထိုအချက်များမှာ...

၁။ ငွေကြေးအလွဲသုံးစားဖြစ်သော ငွေကြေးအရှုပ်အရှင်းကင်းရန်နှင့်

၂။ လူမှုရေးဖောက်ပြားခြင်း၊ လူမှုရေး အရှုပ်အရှင်းကင်းရန် ဖြစ်သည်။

ထိုသို့ ကိုယ်ကျင့်တရားကောင်းသော လူငယ်များ ပရဟိတလောကတွင် ကျင်လည်ကြပါက လူမှုအဖွဲ့အစည်းတစ်ရပ်လုံး လှပတောက်ပြောင်လာမှာ ကေန်မလွဲပင် ဖြစ်တော့သည်။

လူငယ်များတွင် 'ရိုးသားမှု' ဟူသော ဂုဏ်တစ်ရပ်တင်မက 'စွန့်စားလိုစိတ်' အများဆုံး ပေါက်ဖွား ဖြစ်ပေါ်လာသော အချိန်အခါသည်လည်း ငယ်ဘဝမှာပင် ဖြစ်သည်။ ထိုစွန့်စားလိုစိတ်ကို ကိုယ်ကျိုးစွန့်သည့်ဘက်သို့ တွန်းပို့၍ ရိုးသားစိတ်နှင့် ပေါင်းစပ်လိုက်လျှင်ဖြင့် ပရဟိတသမား လူငယ်များအဖြစ်သို့ ရောက်လာမည်မှာ မလွဲမသွေပင် ဖြစ်တော့သည်။

အများနှင့် ပတ်သက်လာပါက မိမိအတွက် 'လောဘ'ကို သတ်၍ အဆုံးရှုံး အနစ်နာခံကာ သူတစ်ပါးအကျိုးကိုသာ ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းသည်လည်း စွန့်စားခြင်းတစ်ရပ်ပင် ဖြစ်သည်မို့ လူငယ်များတွင် ထိုစိတ်မွေးမြူရန် အလွန်လွယ်ကူလိမ့်မည်ဟု ယုံကြည်မိသည်။

ကိုယ်ကျိုးစွန့်ခြင်းဟူသော စွန့်စားခြင်းနှင့်အတူ ရိုးသားမှု၊ စေတနာ၊ ဝါသနာ၊ အနစ်နာခံနိုင်ခြင်းတို့ဖြင့် လိပ်ပြာသန့်သော ပရဟိတသမားလေးများအဖြစ် ယခုအကျိုး၊ နောင်အကျိုး မမျှော်ကိုးသော 'နောင်ကြိုးမဲ့' ပရဟိတလူသားများအဖြစ် ရပ်တည်ရှင်သန်နိုင်ကြပါစေဟု လူငယ်များကို လေးစားစွာ စောင့်ကြို့မျှော်လင့်နေမိပါတော့သည်။


**လူမှုဘဝပရဟိတနယ်ပယ်–စာအုပ်မှ**

❐


mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်းပါး



# အိမ်ပြန်လာချိန်

'သင့်မိဘ၊ ဇနီး၊ သားသမီးများက ဘေးမသီရန်မခဘဲ အိမ်ပြန်လာချိန် စောင့်မျှော်နေကြသည်ကို သတိပြုပါ'

ဆိုသော စာပိုဒ်တစ်ပိုဒ်ကို ဘတ်(စ်) ကားစီးတိုင်း တွေ့ရလေ့ရှိသော်လည်း ကျွန်မ အထူးတလည် စိတ်ဝင်တစား မရှိခဲ့ခြင်းကို အမှန်အတိုင်း ဝန်ခံရပေမည်။

၈-၃-၂၀၀၂ သောကြာနေ့ ကျွန်မ နာရေးကူညီမှုအသင်းတွင် တာဝန်ကျသော နေ့က ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူး ကျော်မိုးက တယ်လီဖုန်းဖြင့် အကူအညီတောင်းခံလာသော နာရေးသတင်းတစ်ခုအား ကျွန်မကိုပြောပြ၍

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဆက်တည်း အသင်းအတွင်းရေးမှူး ဦးရဲမြင့်ထံ ဖုန်းဖြင့်ပင် ခွင့်ပြုချက်တောင်းခံသည်။

မော်ဘီမြို့နယ်အတွင်း ယာဉ်တိုက်မှုဖြင့် သေဆုံးသွားသော Body တစ်ခုကို မော်ဘီဆေးရုံမှ ထိန်ပင်သုသာန် အအေးတိုက်သို့ သယ်ဆောင်ပေးရမည့် အကြောင်းအရာဖြစ်ပြီး အကူအညီတောင်းခံသူက က.ပ.ရ မှ အရာရှိတစ်ဦး ဖြစ်သည်။ လှိုင်သာယာမြို့နယ်တွင် နေထိုင်သော က.ပ.ရ လုပ်သားတစ်ယောက်ဖြစ်သော ဦးအောင်တင်ဝင်း (၄၅နှစ်)၏ ရုပ်ကလာပ်အား ရန်ကုန်ရှိ ထိန်ပင်အအေးတိုက်သို့ ပြန်လည်သယ်ဆောင်နိုင်ရေးအတွက် ၎င်းဌာနမှ အရာရှိများက ဝိုင်းဝန်းစီစဉ်ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

မကြာခင်ပင် ပြောဆိုညှိနှိုင်း ဆောင်ရွက်စရာရှိသည်များကို ပြုမူဆောင်ရွက်ပြီး၍ မော်ဘီဆေးရုံမှလည်း အလောင်းနှင့်ပတ်သက်သည့် စစ်ဆေးမှုများနှင့် အခြားလိုအပ်သည့် သေဆုံးမှုမှန်ကန်ကြောင်း စာရွက်စာတမ်းနှင့် သင်္ချိုင်းလက်မှတ်များ ထုတ်ပေးပြီးကြောင်း သိရသည့်အတွက် ကျွန်မတို့ နာရေးကူညီမှုအသင်းမှ ကားဖြင့် မော်တော်ယာဉ်ကော်မတီမှ ကိုအေးလွင်၊ ကိုမိုးကျော်သူတို့နှင့်အတူ မော်ဘီဆေးရုံရှိရာသို့ ထွက်ခဲ့သည်အထိလည်း ကျွန်မ၏စိတ်အစဉ်က နာရေးပေါင်းများစွာနှင့် ကြုံတွေ့ဖူးပြီမို့ မေတ္တာ၊ ကရုဏာနှင့် ကူညီ ရိုင်းပင်း နွေးထွေးလိုစိတ်ကသာ ထုံးစံအတိုင်း ဦးဆောင်နိုင်လာခဲ့သည်။

မော်ဘီဆေးရုံသို့ ရောက်သည့်အခါတွင်တော့ ရင်ခွဲရုံမှ ထိုအလောင်းအား ထုတ်ယူစဉ် ကြားသိရသော အကြောင်းအရာများနှင့် မြင်ရတွေ့ရသော မြင်ကွင်းက ကျွန်မကိုသာမဟုတ်၊ ကျွန်မနှင့် အတူပါခဲ့သော သူများနှင့် အနီးနားပတ်ဝန်းကျင်အတွက်ပါ ရင်နာစရာဖြစ်ရတော့သည်။

သေဆုံးသူ ဦးအောင်တင်ဝင်းက က.ပ.ရ မှ ကုန်ကားတစ်စီး၏ စပါယ်ယာဖြစ်သည်။ က.ပ.ရ ကုန်ကားနှင့် ပုဂ္ဂလိကအုတ်သယ်ကားနှစ်စီး တိုက်မိသော အခြေအနေတွင် ကားရှေ့ခန်း၌ စီးလာသော စပါယ်ယာ (ယာဉ်နောက်လိုက်)နှစ်ဦးစလုံး ဘေးချင်းကပ်ပြီး ပြင်းထန်စွာ တိုက်မိသောအခိုက် ကံဆိုးစွာ လူ့လောကကြီးအတွင်းမှ ရုပ်ပျက်ဆင်းပျက် ထွက်ခွာသွားရသည့် အဖြစ်...။ စတီယာရင်ဘယ်ခြမ်းနှင့် ညာခြမ်းဖြစ်သည့် ကားနှစ်စီးလုံးမှ ဒရိုင်ဘာများကတော့ ကံကောင်းထောက်မစွာ အသက်အန္တရာယ်က သီသီလေး လွတ်မြောက်သွားကြသော်လည်း အမှုအခင်း၊ လူမှုရေးဒုက္ခ စသည့် ခါးသီးသော အတွေ့အကြုံများနှင့်တော့ မလွဲမသွေ ရင်ဆိုင်ကြရဦးမှာ သေချာသည်။ ကံမကောင်း အကြောင်းမလှ၍ လောကကြီးထဲတွင် လူမသေဘဲ ဘဝသေသွားတာတွေလည်း အနည်းနှင့်အများ ရှိနိုင်သည် ပဲ...။

အုတ်ကားပေါ်တွင် ပါသည့် စပယ်ယာ(ယာဉ်နောက်လိုက်)ကတော့ တိုက်ကြီးကမို့ ကျွန်မတို့ရောက်တော့ သယ်ပြီးသွားပေပြီ။ ကျွန်မတို့သယ်ရမည့် အလောင်းကို ကြိုပြီးလာ


mgyoe.com

mgyoe.com SAMPLE BO

စောင့်နေကြသည့် နာရေးရှင်များကား ကွယ်လွန်သူ၏အလုပ်မှ ဌာနအကြီးအကဲအချို့ လိုင်သာယာရှိ ၎င်းတို့ရပ်ကွက်မှ လူအချို့နှင့် သံဃာတော်နှစ်ပါး အပါအဝင်ဖြစ်သည်။ ၎င်းတို့နှင့် စကားပြောမိတော့မှ ကျွန်မတို့၏ နှလုံးသားများ ထိခိုက်နာကျင်ရတော့သည်။

"သူက သားကလေးတစ်ယောက်တည်း မွေးထားတာ။ အဲဒီ တစ်ဦးတည်းသော သားကလေးကို ရှင်ပြုဖို့အတွက် ဖိတ်စာတွေလည်း ရိုက်ပြီးပြီ။ ကလေးကို ဘုန်းကြီးကျောင်းကိုပို့ပြီး သင်္ကန်းတောင်း ကျက်ခိုင်းထားတာ။ ဒီနေ့ သင်္ကန်းပရိက္ခရာတွေ သူ့ဇနီးက ဝယ်ပြီး ကျောင်းကို လာပို့တဲ့နေ့၊ အခုတော့ ဒီကလေး ရှင်ပြုမယ့်နေ့မှာ သူ့အဖေ မရှိတော့ဘူး။ ဘယ်လိုစခန်းသွားရမယ်မှန်းတောင် မသိပါဘူး"

"သူက သူ့သားလေးကို အတော်ချစ်တာ။ အဲဒီသားကို ရှင်ပြုဖို့ အားခဲထားတာ ကြာပေါ့"

"ယုံတောင် မယုံနိုင်ပါဘူး။ အိပ်မက်များ ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲ"

စသည့်အသံတွေက မျက်နှာတစ်ခုလုံး ပြားချပ်နေသည့် သည်အလောင်းဘေးတွင် ဝေစည်နေတော့သည်။

ကျွန်မကတော့ ထိုအဖြစ်အပျက်မျိုးကို အိပ်မက်ပင် မမက်ချင်ပါ။ ဘယ်သူများ သတိတစ်ချက်လွတ်သွားလို့၊ ဒါမှမဟုတ် စိတ်လောကြီးသွားလို့ ဒီလိုအဖြစ်ဆိုးမျိုးနှင့် ကြုံလိုက်ရတာပါလိမ့်ဟု အတွေးနယ်ချဲ့နေမိပါသည်။

✦

"သင့်မိဘ၊ ဇနီး၊ သားသမီးများက ဘေးမသီရန်မခဘဲ အိမ်ပြန်လာချိန်ကို စောင့်မျှော်နေကြသည်ကို သတိပြုပါ"ဆိုသော စာတန်းကို ဘတ်(စ်)ကားပေါ်တွင် တွေ့ရတိုင်း ကျွန်မ အဖြစ်အပျက်တစ်ခုကို ပြေးပြီး မြင်ယောင်လိုက်သည်မှာ ရောဂါတစ်ခုလို ဖြစ်နေခဲ့ပြီ။

ပြီးတော့ သူတို့၏ မိဘ၊ ဇနီး၊ သားသမီးနေရာသို့ အလိုလိုရောက်သွားပြီး ရင်တမမ ဖြစ်နေတတ်ခဲ့လေပြီ။ ကံတရားမပါဘဲ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လူတစ်ယောက်၏ ဘဝကို အကန့်အသတ်မဲ့ ပြောင်းလဲပစ်လိုက်နိုင်သော 'သတိလက်လွတ်ပြုမူခြင်း'နှင့် 'ဆင်ခြင်တုံတရား ကင်းမဲ့ခြင်း'တို့သာ ရှိမနေကြရင်ဖြင့် ကတ္တရာလမ်းမများသည် ဘယ်သောအခါမှ သွေးညှီနံ့ကို ရှူရှိုက်ခွင့် ရကြတော့မည် မဟုတ်ပါ။

ထိုအတူ ရခဲလှသော လူ့အသက်တစ်ချောင်းကို ၎င်း၍ ဝမ်းတစ်ထွာအတွက် ရပ်တည်ရှင်သန်နေကြရသော ဘဝများစွာတို့သည်လည်း...။

❒


mgyoe.com

mgyoe.com

ဆောင်းပါး

SAMPLE BOOK

လူ့ဘဝ ဖြစ်တည်ခြင်းမှ အစပြု၍ လူသားများနွယ်စု အားလုံးတို့တွင် လူမျိုး၊ ဘာသာမရွေး တညီတညွတ်တည်း တူညီသော စိတ်ခံစားမှုများနှင့် ထိုစိတ်ခံစားမှုတို့မှ လွှန်ကဲထင်ဟပ်လာသော အမှတ်အသား သင်္ကေတအဖြစ် အမူအကျင့် နှစ်မျိုး ရှိလေ့သည်။

# ခရီးသွားဂျာနယ်များ



mgyoe.com

mgyoe.com SAMPLE BOOK

ဇင်းတို့ကား ဝမ်းသာကြည်နူးခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်း၊ ဝမ်းသာကြည်နူးမှုကြောင့် ရယ်မောရွှင်မြူးခြင်းနှင့် ဝမ်းနည်းကြေကွဲမှုကြောင့် တမ်းတငိုကြွေးခြင်းတို့ပင်။

တစ်ခါတစ်ရံတွင် ဝမ်းနည်းကြေကွဲမှုကြောင့် တမ်းတငိုကြွေးနေသူတို့၏ နောက်ကွယ်မှာပင် 'စိုးရိမ်ကြောင့်ကြခြင်း'နှင့် 'ပူပင်သောက ဗျာပါဒ'ဟူသော နှောင်ကြိုးများက ရစ်ပတ်တုပ်နှောင်လျက် ရှိကြသည်။

ထိုနှောင်ကြိုးများကို ဖြေလျှော့ဖြတ်တောက် ဖယ်ရှားပေးနေကြသူတို့သည်ကား ...။

✦

"ဘဘ ဆေးရုံတက်တုန်းက သေအံ့ဆဲဆဲ လူမမာအဘွားအိုတစ်ယောက်နဲ့ ဝိုင်းပြုစုနေကြတဲ့ သားသမီးတွေကို တွေ့ရတယ်။ အမယ်အိုကို မျှော်လင့်ချက်မရှိတော့လို့ ဆရာဝန်က အိမ်ပြန်သယ်ကြဖို့ ပြောတဲ့အခါကျတော့ သားသမီးတွေက အိမ်မှာ နေရာထိုင်ခင်း ပြန်စီစဉ်ပါရစေဦး။ ပြီးတော့ လာခေါ်ပါ့မယ်လို့ ပြောပြီး ထွက်သွားလိုက်ကြတာ အမယ်အိုသာ ကွယ်လွန်ပြီး သုံးရက်ကျော်တဲ့အထိ လာမခေါ်ကြလို့ ဆေးရုံကနေ သင်္ဂြိုဟ်လိုက်ရတယ် ကွယ်။ သားသမီးတွေက သင်္ဂြိုဟ်စရိတ် မတတ်နိုင်လို့ ထွက်ပြေးကြတာပါကလားလို့ သိလိုက်ရတော့ ဘဘရင်ထဲ မကောင်းလိုက်တာ..."

၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလနှောင်းပိုင်းတွင် ဆရာကြီးဦးသုခက ကျွန်မကို ပြောပြခဲ့ခြင်း ဖြစ်သည်။

"တချို့ကလည်း သားသမီးတွေကို အပြစ်တင်ကြတာပေါ့ကွယ်။ ကိုယ့်မွေးသမိခင်ကြီးကို ဒီလိုလုပ်ပစ်ခဲ့ရပ့ါမလားလို့။ ဘဘကတော့ အပြစ်မတင်ရက်ပါဘူးကွယ်။ ခများများ ဘယ့်ကလောက် ဆင်းရဲကျပ်တည်းပြီး သင်္ဂြိုဟ်စရိတ်ကလေးမှ မတတ်နိုင်ကြလို့ ရှိမှာပေါ့ ဆိုပြီး သင်းတို့ကလေးတွေ နေရာကနေ ကိုယ်ချင်းစာကြည့်မိတယ်။ ကိုယ့်မအေ အလောင်းလေးတောင် ရဲရဲလာမကြည့်ဝံ့ကြ၊ မသင်္ဂြိုဟ်ပေးကြရတဲ့ သူတို့ရင်ထဲ ဘယ်လောက်များ ကြေကွဲနေရှာကြပါ့မလဲလို့"

ဘဘဦးသုခ၏ ကိုယ်တွေ့ဖြစ်ရပ်နှင့် အကြောင်းအရာက ကျွန်မ၏နှလုံးသားသို့ပါ ကူးစက်တောက်လောင်တော့သည်။ အကယ်၍သာ ထိုသားသမီး၊ မိသားစုတို့က သင်္ဂြိုဟ်စရိတ်ကို ချေးငှားရှာဖွေ၍ သင်္ဂြိုဟ်သည်ထား၊ လိုအပ်သည့် ငွေကို လိုအပ်သည့် အချိန်အတိုင်းအတာအတွင်း ရနိုင်ပါမည်လား။ သက်မဲ့ခန္ဓာအိမ်ဆိုသည်ကား အချိန်နှင့်အမျှ ဖောက်ပြန်လေတော့သည်။ လိုအပ်သည့်ငွေကို ချေးငှားရှာဖွေ၍ ရသည် ဆိုပြန်တော့ ထိုငွေကို ပြန်မဆပ်နိုင်မချင်း စိတ်သောကရောက်ရမည်၊ စိုးရိမ်ကြောင့်ကြဖြစ်ရမည်၊ သောကမီး


mgyoe.com

တောက်လောင်ရမည်။ ထိုဒဏ်ကို ခံနိုင်ရည်မရှိကြသူများနှင့် ဘဘဦးသုခတို့ ထိပ်တိုက်တွေ့လာကြခြင်းသည် ကျွန်မတို့ပတ်ဝန်းကျင်အတွက် စေ့ဆော်မှုတစ်ခုကို ဖြစ်တည်စေသည်။

"တခြားဘာသာတွေမှာ နာရေးဖြစ်လာရင် သင်္ဂြိုဟ်မှုကို အကူအညီပေးတဲ့ အဖွဲ့အစည်းတွေ ရှိကြတယ်။ ဘဘတို့ ဗုဒ္ဓဘာသာမှာ ဒါမျိုးမရှိသေးဘူး။ မန္တလေးမှာတော့ ဖြဟ္မာစိုရ်အသင်းဆိုပြီး နာရေးကိစ္စတွေ အကူအညီပေးနေတာ အတော်လေး အောင်မြင်နေပြီ။ ဘဘတို့ ရန်ကုန်မှာလည်း ရှိသင့်တယ်။ တစ်နေ့နေ့မှာ တို့များ နာရေးကူညီမှုအသင်းကို ဖွဲ့ကြရအောင်။ အဲဒီကျရင် အများအကျိုးကို ဆောင်ရွက်လိုတဲ့သူမျိုးတွေ အများကြီးလိုလာပြီ သမီးရေ"

ဘဘဦးသုခသည် ကျွန်မကို ပြောပြသော ထိုစကားစုတွေကိုပဲ မမောနိုင်မပန်းနိုင် ထပ်တလဲလဲနှင့် လူပေါင်းများစွာကို ပြောနေလိမ့်ဦးမည်ဟု ကျွန်မ အသေအချာ ယုံကြည်သည်။

✦

"လူဆိုတာ ကိုယ်ကျိုးစွန့်တဲ့စိတ်နဲ့ အများအတွက် အနစ်နာခံနိုင်တဲ့ စိတ်ကလေးမှ မရှိရင် အခြားသတ္တဝါတွေနဲ့ ဘာများထူးဦးမှာလဲ"

ဟူသည့် သဘောတရား စကားစုတစ်ခုကို ဆရာမကြီးဒေါ်ခင်နှင်းယု၏ 'မွေး' ဝတ္ထုကို ဖတ်ဖြစ်သည့် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ကျွန်မ စွဲနစ်ခဲ့ပါသည်။

ထိုအချိန်ကာလမှ စတင်၍ 'ကိုယ်ကျိုးစွန့်၍ အများအတွက် အနစ်နာခံသူ' ဟူသည့် လူတန်းစားတစ်ရပ်ကို ကျွန်မ စိတ်ပါဝင်စားစွာ ရှာဖွေနေမိခဲ့သည်မှာ ယခုအချိန်တွင်တော့ ပြည့်ဝစွာ အဓိပ္ပာယ်ရှိနေခဲ့ပြီဟု ဆိုရမည် ထင်သည်။

ကျွန်မ၏ စိတ်အာဟာရကို ဖြည့်ဆည်းပေးနိုင်ကြသော ထိုလူနည်းစုထဲတွင် ပြည်သူအများ လေးစား အားထားသော နာရေးကူညီမှု လုပ်ဖော်ကိုင်ဖက်များလည်း အပါအဝင် ဖြစ်ပေသည်။

"ရန်ကုန်မြို့ နာရေးကူညီမှုအသင်း ဖြစ်မြောက်ရေးကော်မတီကို ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းတည်ထောင်ပြီး ပထမဦးဆုံး နာရေးကူညီမှုပြုခြင်း အထိမ်းအမှတ်အဖြစ် မြန်မာ့ပန်းပုပညာရှင် ဆရာကြီးဦးဟန်တင်၏ ရုပ်အလောင်းကို မြန်မာအနုပညာရှင် ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ အကယ်ဒမီ ကိုကျော်သူက နာရေးယာဉ်ကို ကိုယ်တိုင်မောင်းနှင်၍ ပို့ဆောင်ပေးခဲ့သည်။

ဆင်းရဲချမ်းသာ၊ လူမျိုး၊ ဘာသာမရွေး အခမဲ့အကူအညီပေးမည် ဟူသော အသင်း၏ ဆုံးဖြတ်ချက်အတိုင်း ဆရာကြီးဦးဟန်တင်ကဲ့သို့သော ချမ်းသာကြွယ်ဝသူ၊


mgyoe.com

mgyoe.com SAMPLE BOOK

ငွေကြေးတတ်နိုင်သူတို့၏ တစ်ဖန်ပြန်လည် လှူဒါန်းငွေများဖြင့်လည်း ငွေကြေးချို့တဲ့နွမ်းပါးသူတို့၏ နာရေးကိစ္စများတွင် အားဖြည့်သုံးစွဲခွင့် ရခဲ့သည်။

ဆရာကြီးဦးသုခ၏ အိပ်မက်နှင့် မန္တလေး၊ ပြဟ္မစိုရ်အသင်းကြီး၏ လမ်းပြမှုမှ အကောင်အထည် ပေါ်လာသော 'ရန်ကုန်မြို့ နာရေးကူညီမှုအသင်း' ဖြစ်မြောက်ရေး ကော်မတီတွင် လူတန်းစားမျိုးစုံ ပါဝင်သည်။ နိုင်ငံကျော်အနုပညာရှင်များ၊ စာရေးဆရာကြီးများ၊ မဂ္ဂဇင်းထုတ်ဝေသူများ၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ လက်လုပ်လက်စားများ စသည့် လူတန်းစားအမျိုးအမည် မညီမျှကြသော်လည်း တစ်ခဲနက် ညီညွတ်ခြင်းကား 'ကိုယ်ကျိုးစွန့်'သည့် စိတ်ဓာတ်များပင် ဖြစ်သည်။ အဓိကလိုအပ်ချက်သည်ကား ထို'တန်ဖိုး'သာ ဖြစ်ပေသည်။

✦

မိမိကိုယ်တိုင် ဒုက္ခရာမရဖူးပါဘဲနှင့် သူတစ်ပါး၏ အမာရွတ်ကို စုပ်သတ်ရကောင်းမှန်းသိသော နှလုံးစိတ်ဝမ်း ကျယ်ပြန့်သူတို့ကား စွန့်လွှတ်နိုင်စွမ်းအား ကြီးမားလှသည်။ ထိုသူများ၏ လှူဒါန်းငွေဖြင့် အသင်းကို ခိုင်ခိုင်မာမာ ရပ်တည်ပြီး လူပေါင်းများစွာ၏ နာရေးကိစ္စတို့ကို အကူအညီပေးနိုင်ခဲ့သည်မှာ သက်တမ်းအားဖြင့် နှစ်နှစ်တာကာလသို့ပင် ချဉ်းကပ်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်နှင့်အမျှ အကူအညီ တောင်းခံလာသူများလည်း တစ်နေ့ထက်တစ်နေ့ များပြားလာကြပြီ ဖြစ်သည်။

စွန့်လွှတ်ကြသူများတွင် ငွေအင်အား၊ လူအင်အားတင်မက ဓာတ်ဆီလှူသူ၊ မြေကွက်လှူသူများပင် ရှိလာ၍ မုဒိတာပွားနေခိုက်တွင် လုံးဝမမျှော်လင့်မထားသော စိတ်လှုပ်ရှားကြည်နူးဖွယ်ရာ စံပြပုဂ္ဂိုလ်အချို့ကိုလည်း တွေ့ကြုံကြရသေးသည်။ ၎င်းတို့သည်ကား ညောင်ပင်လေးဈေးမှ ဈေးသူဈေးသားများပင်။

ညောင်ပင်လေးဈေး သာယာရေးအဖွဲ့နှင့် ညောင်ပင်လေး ပလာဇာလူငယ်များ ဦးဆောင်၍ အလှူငွေများ ကောက်ခံပြီး နာရေးကူညီမှုအသင်းအတွက် မော်တော်ယာဉ် ဝယ်ယူရန် ငွေသိန်း ၁၅၀ ကို လှူဒါန်းကြသည်။

ကျွန်မတို့အသင်းအနေဖြင့် တစ်နေရာတည်းမှ တစုတစည်းတည်း ထိုမျှငွေကိုသော်လည်းကောင်း၊ မော်တော်ယာဉ်အစီးလိုက်ကိုသော်လည်းကောင်း လက်ခံရယူဖူးခြင်းမရှိသဖြင့် ထိုအတွေ့အကြုံကား အစွမ်းကုန်ဝမ်းမြောက်ဖွယ်ရာ ဖြစ်တော့သည်။ လှူဒါန်းပွဲအခမ်းအနားတွင် ဈေးသာယာရေးဥက္ကဋ္ဌ ဦးတင်ထွန်း၏...

"အများပြည်သူတွေရဲ့ နာရေးကိစ္စကို အကူအညီပေးဖို့ နာရေးကူညီမှုအသင်းကို မော်တော်ယာဉ်လှူဒါန်းရခြင်းဟာ ကျွန်တော်တို့ဈေးကို လာရောက်ဝယ်ယူ အားပေးနေကြ


mgyoe.com

mgyoe.com SAMPLE BOOK

ခနော်နီခနော်နဲ့ ချိုင့်ခွက်များစွာကို ဖြတ်သန်းပြီး လမ်းကျဉ်းကျဉ်း
ကလေးတစ်ခု၏ဘေးမှ ၁၀ ပေပတ်လည်ခန့်သာအများဆုံးရှိမည်ဟု
ထင်ရသော ခပ်ယိုင်ယိုင် အိမ်ကလေးတစ်လုံးဆီ အရောက်တွင်
ခေါင်းကို အိမ်ရှေ့မှာခဏချပြီး ကျွန်မတို့ အိမ်ပေါ်တက်ခဲ့ကြသည်။

တဲ့ ကျွန်တော်တို့ရဲ့ ထမင်းရှင် လုပ်သားပြည်သူတွေရဲ့ ကျေးဇူးကို ဆပ်တယ်လို့လည်း ခံယူပါတယ်"

ဆိုသည့် စကားကလည်း လေးစားမှတ်သားဖွယ် ကောင်းလှပါသည်။

ထိုကဲ့သို့ စေတနာသဒ္ဓါတရား ထက်သန်ကြလေသော အလှူရှင်များ ပေါ်ပေါက်လာလေလေ ကျွန်မတို့အသင်းကြီး၏ ရပ်တည်ရှင်သန်မှု ဖွံ့ထွားလာလေလေ၊ အသင်းအပေါ် အကူအညီတောင်းခံသူ များပြားလာလေလေ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သူတို့အတွက် တာဝန်ကြီးလာလေလေပင် ဖြစ်သည်။ အသင်းအနေဖြင့် နာရေးကိစ္စရပ်များအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို နာရေးကိစ္စဆောင်ရွက်သည့် နေရာတို့မှအပ အခြားနေရာတွင် တစ်ပြားတစ်ချပ်မှ သုံးရန် အခွင့်အလမ်းမရှိအောင် တင်းကျပ်သော စည်းကမ်းများဖြင့် ဘောင်ခတ်ထားသည်။ ပရဟိတစိတ်ဖြင့် ကိုယ်ကျိုးစွန့်ကာ လာရောက်လုပ်ဆောင်ကြသော လုပ်ဖော်ကိုင်ဖက် ကော်မတီဝင်များအားလုံးသည် မိမိ၏တစ်ကိုယ်ရေ ဝန်ဆောင်စရိတ်တွင်မက အသင်းမှ အခါအားလျော်စွာ ကျင်းပပြုလုပ်သော အလှူအတန်း၊ အခမ်းအနားများနှင့် လိုအပ်သော အသုံးအဆောင်များ ဝယ်ယူရာတွင်ပင် အချိုးကျထည့်ဝင်ခြင်းဖြင့် မိမိ၏ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထူထောင်နိုင်စွမ်း ရှိကြသည်။ အများနှင့် စပ်ဆိုင်သော အဖွဲ့အစည်း၊ အသင်းအပင်းများတွင် အဓိကလိုအပ်ချက်သည်ကား အများပိုင်ငွေကို အလွဲသုံးစားပြုမှုခြင်း ကင်းရန်နှင့် လူမှုရေးရှုပ်ထွေးဖောက်ပြန်မှု ကင်းရှင်းခြင်းပင် ဖြစ်သည်။

✦

ဂုဏ်သိက္ခာရှိသော အသင်းအပေါ် အထင်ကြီး၊ လေးစားစွာ စိတ်ပါဝင်စား လေ့လာသူများထဲတွင် အထူးဂရုပြုမိသူအချို့ကိုလည်း တွေ့ကြုံရသည်။

ရွက်လှ္ဘာရိပ်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နေ့တွင် ကလျာမဂ္ဂဇင်းတိုက်တွင် ဆရာမ(ဒေါ်)ကလျာ (ဝိဇ္ဇာ/သိပ္ပံ)၏ ချိန်းဆိုပေးမှုကြောင့် ဂျပန်နိုင်ငံ၊ အိုဆာကာမြို့မှ ပရော်ဖက်ဆာ ဘာသာပြန်ဆရာမ Midori Inouye Minamida (မြန်မာအမည် မပန်းခက်)နှင့် တွေ့ဆုံဖြစ်သည်။ ဆရာမ မပန်းခက်နှင့်အတူ Ruriko Unno နှင့် Yo Natsu Ki အမည်ရှိ ဂျပန်စာရေးဆရာမတစ်ဦးနှင့် ပန်းချီဆရာမလည်း ပါလာခဲ့သည်။ စကားဝိုင်းအစမှာပင် မပန်းခက်က...

"ဆရာမရေ... ဟောဒီ စာရေးဆရာမက မကြာခင်ကမှ သူ့ယောက်ျား ကွယ်လွန်သွားလို့ သိပ်ပြီး ခံစားနေရတယ်။ အခုတော့ သူဟာ သေခြင်းတရားတွေနဲ့ ပတ်သက်ပြီး လေ့လာချင်လို့ နာရေးကိစ္စတွေ အကူအညီပေးနေတဲ့ ဆရာမတို့နဲ့ တွေ့ရအောင် ခေါ်လာတာပါ"

ဆိုတော့ ကျွန်မရော မမဝင်း(ဒေါ်ကလျာ)ပါ အံ့သြသွားသည်။ ပြီးတော့မှ ကျွန်မက...

"သေခြင်းတရား ဆိုတာက လူသားအားလုံးအတွက် တစ်နေ့မဟုတ်တစ်နေ့ မလွဲမသွေ ရင်ဆိုင်ကြရမယ့် အကြောင်းတရား တစ်ခုပဲလေ။ အဲဒီကိစ္စအတွက် ဆရာမတို့က ဘာကို လေ့လာချင်တာပါလဲ"

လို့ မေးတော့...

"မိသားစုထဲမှာ လူတစ်ယောက်သေသွားရင် ကျန်တဲ့လူတွေက တအားကို ဝမ်းနည်းကြေကွဲပြီး ကျန်ရစ်ရတယ်။ အဲဒါမျိုးက မကြုံဖူးတဲ့ သူအတွက် အထူးအဆန်းဖြစ်နေတယ်။ ဆရာမတို့က အသုဘတွေကို လိုက်ပြီးကူညီနေတယ်ဆိုတော့ ဘယ်အရွယ်လူမျိုးတွေ ဘာရောဂါနဲ့ သေကြသလဲ၊ သူတို့မိသားစုတွေရော ဘယ်လိုရှိကြလဲ၊ ဆရာမတို့ကကော အဲဒါတွေကို ခဏခဏ တွေ့နေရတော့ စိတ်မညစ်ဘူးလား၊ ဆရာမရော မငိုချင်ဘူးလား၊ ဆရာမတို့ နာရေးကူညီမှုအသင်းက အဲဒီလူတွေကို ဘာလုပ်ပေးနေတာလဲ"

စသည့် မေးခွန်းများနှင့်တကွ နောက်ဆက်တွဲ မေးခွန်းပေါင်းများစွာကို ကျွန်မတို့ ဖြေရပါတော့သည်။

သေခြင်းတရားဟူသည် အသက်အရွယ် ကြီးငယ်မရွေး တွေ့ဆုံရင်ဆိုင်ရသည့် အကြောင်းတရားတစ်ခုမို့ ကျွန်မတို့ ကူညီနေရမှု အတွေ့အကြုံတွင် တစ်ရက်သားကလေးမှ စ၍ သက်ကြီးရွယ်အိုများအထိ ရှိကြောင်း၊ နာရေးကိစ္စကြောင့် ပူဆွေးသောကရောက်နေကြသော ကျန်ရစ်သူမိသားစုတို့၏ ပြုဖွယ်တာဝန်များကို ကျွန်မတို့အသင်းမှ ဝင်ရောက်ဆောင်ရွက်ပေးခြင်းဖြင့် ထိုမိသားစုတို့အတွက် ဝန်ထုပ်ဝန်ပိုးများ ပေါ့ပါးသွားကြောင်း၊ နာရေးကိစ္စဖြစ်ပေါ်လာ၍ အကြောင်းကြား အကူအညီတောင်းခံသည်နှင့် နာရေးယာဉ်ပေါ်တွင် အလှူမိနီယမ်ခေါင်းပါ တင်၍ အအေးခန်းထားလိုသူ၊ မီးသင်္ဂြိုဟ်လိုသူ၊ ပထမရက်များတွင် အအေး


mgyoe.com

mgyoe.com SAMPLE BOOK
ခန်းထား၍ နောက်ရက်တွင် မီးသဂြိုဟ်သူ စသည့် ကိစ္စများကို အခမဲ့ကူညီပေးမှု ပြုကြောင်း၊ မော်တော်ယာဉ်တစ်စီးတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ဝန်ထမ်းများနှင့် အတူ လုပ်အားပေး ဈာပနကော်မတီဝင်တစ်ဦးပါ လိုက်ပါဆောင်ရွက်ပေးလေ့ရှိကြောင်း ဖြေကြားသည်ကို ခေါင်းတညိတ်ညိတ်နှင့် စိတ်ပါဝင်စားစွာ နားထောင်နေကြပါသည်။

နာရေးကူညီမှုအသင်း၏ လုပ်ကိုင်ဆောင်ရွက်ပေးမှုများကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လေ့လာချင်သော ထိုဆရာမသုံးယောက်တို့သည် နောက်တစ်နေ့၌ နာရေးကူညီမှုအသင်း ရုံးချုပ်တည်ရှိရာ သဃၤန်းကျွန်းမြို့နယ်၊ ၁၆/၂ သုဒ္ဒသနလမ်းမရှိ ဆရာတော် ဦးဥတ္တရ၏ ဖြူဗွာဝိဟာရ စာသင်တိုက်အတွင်းသို့ ရောက်ရှိလာကြပြန်သည်။

ထိုအချိန်တွင် ကျွန်မတို့အသင်းမှ တာဝန်ကျဈာပနကော်မတီဝင်များနှင့်အတူ အသင်းဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် နာရေးမော်တော်ယာဉ်ကို ကိုယ်တိုင်မောင်းနှင်ရန် အသင့်ရှိနေသော ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ အကယ်ဒမီကိုကျော်သူ၊ ၎င်း၏ဇနီး ဘဏ္ဍာရေးကော်မတီဝင် ဒေါ်ရွှေဇီးကွက်တို့နှင့် တွေ့ဆုံကြပြီး ဈာပနသယ်မည့် လမ်းကြောင်းတွင် လေ့လာရန် ၎င်းတို့၏ကိုယ်ပိုင်ကားကလေးနှင့် ကိုကျော်သူမောင်းနှင်ပြီး ဈာပနကော်မတီဝင် ကျွန်မ လိုက်ပါလာသော နာရေးကူညီမှုအသင်း အမှတ်တံဆိပ်ပါ မော်တော်ယာဉ်၏နောက်မှ လိုက်ပါလာခဲ့ကြသည်။

ထိုနေ့တွင် ကျွန်မတို့ သွားရောက်သယ်ယူရမည့် ပထမဆုံးလမ်းကြောင်းက တောင်ဒဂုံမြို့နယ်၊ ၁၄၀ ရပ်ကွက်အတွင်းမှ အသက် ၃၁ နှစ်အရွယ်ရှိ ကိုတင်မောင်ဝင်းဆိုသူ၏ ရုပ်ကလာပ်ကို ဖြစ်သည်။

နာရေးကူညီမှုအသင်းရုံး တည်ရှိရာ သဃၤန်းကျွန်းမြို့နယ်အတွင်းမှ တောင်ဒဂုံမြို့နယ်ရှိ အမှတ် ၁၄၀ ရပ်ကွက်သို့ နာရီဝက်ခန့် မောင်းနှင်ပြီးသောအခါ ဆိုးဝါးသော လမ်းပန်းအခြေအနေကြောင့် ကိုကျော်သူမှာ ကားကို ဆက်၍ မောင်းနှင်ရန် မတတ်နိုင်တော့သဖြင့် ရပ်ကွက်အဝင် မြေနီလမ်းဘေးမှ ချိုင့်နှုတ်ခမ်းတစ်ခုတွင် ကားကို ထိုးရပ်လိုက်ရသည်။ ကားရှေ့ခန်းမှ ကျွန်မဆင်းပြီး နောက်ဘက်သို့ မျှော်ကြည့်သောအခါ မပန်းခက်တို့ကားလည်း ဆက်ဝင်၍ မရတော့သဖြင့် ခပ်လှမ်းလှမ်းမှာပင် ရပ်တန့်ပြီး ကျွန်မတို့ကားရှိရာသို့ ဆင်းလာကြသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ရပ်ကွက်က ကားဝင်လို့မရဘူး။ ဟိုးရှေ့က မြင်နေရတဲ့ သစ်ပင်အုပ်အုပ်ကလေးရှိတဲ့ နေရာအထိ သွားရမှာမို့ အရမ်းဝေးနေသေးတယ်။ ဆိုက်ကားနဲ့ သွားမှရမယ်"

နာရေးယာဉ်အား လာရောက်ကြိုဆိုနေသော ရပ်ကွက်အတွင်းမှ လူတစ်ယောက်၏ သတင်းပေးမှုဖြင့် ဆိုက်ကားများငှား၍ ခရီးဆက်ခဲ့ကြသည်။ မော်တော်ယာဉ်ပေါ်မှ ရုပ်


mgyoe.com

mgyoe.com SAMPLE BOOK

ကလာပ်ထည့်ရန် ခေါင်းအလွတ်ကိုပါ ယူချ၍ ဆိုက်ကားပေါ် တင်ခဲ့ကြသည်။ အပြန်ခရီးတွင်တော့ ထိုအခေါင်းတွင် ရုပ်ကလာပ်ထည့်သွင်းပြီး လူအင်အားများများဖြင့် မော်တော်ယာဉ်ရှိရာသို့ အရောက်ထမ်း၍ လမ်းလျှောက်သယ်ကြရမည် ဖြစ်သည်။ သို့မဟုတ်ပါက လမ်းကြမ်းကြမ်းတွင် အဆမတန် လှုပ်ရှားပြောင်းဆန်သည့် ဒဏ်ကို ခံနိုင်မည်မဟုတ်။

ခနော်နီခနော်နဲ့ ချိုင့်ခွက်များစွာကို ဖြတ်သန်းပြီး လမ်းကျဉ်းကျဉ်းကလေးတစ်ခု၏ဘေးမှ ၁၀ ပေပတ်လည်ခန့်သာ အများဆုံးရှိမည်ဟု ထင်ရသော ခပ်ယိုင်ယိုင် အိမ်ကလေးတစ်လုံးဆီအရောက်တွင် ခေါင်းကို အိမ်ရှေ့မှာ ခဏချပြီး ကျွန်မတို့ အိမ်ပေါ်တက်ခဲ့ကြသည်။

ကွယ်လွန်သူ၏ဘေးတွင် ကြေကွဲဝမ်းနည်းနေရှာသော အသက်နှစ်ဆယ့်သုံးနှစ်အရွယ် မိန်းကလေးကား နာရေးရှင်ဖြစ်သည်။ ကျွန်မက တာဝန်ရှိသည့်အတိုင်း သချိုင်းလက်မှတ် စာရွက်စာတမ်းကို လက်ခံရယူပြီး အသက်သုံးဆယ့်တစ်နှစ်အရွယ်သာ ရှိသေးသော ကိုတင်မောင်ဝင်းဆိုသူ၏ ပိန်လှီဖျော့တော့နေသော ရုပ်ကလာပ်နှင့် နာရေးရှင်မိန်းကလေးကို ဆက်စပ်မေးမြန်းတော့ ကျန်လူများကပါ စိတ်ပါဝင်စားစွာ ခံစားကြေကွဲနေကြသည်။

"သူက ကျွန်မရဲ့ယောကျ်ားပါ။ နလုံးရောဂါလည်း ရှိပါတယ်။ အခုတော့ နဂိုရောဂါအခံရော အာဟာရပြတ်တာပါ ပေါင်းပြီး ဖြစ်သွားတာပါ"

"သားသမီးကော မရှိဘူးလား"

"သမီးလေးတစ်ယောက် ရှိပါတယ်။ မနှစ်ကပဲ ဆုံးသွားပါတယ်။ အခုတော့ ဖအေရော သမီးရောက ကျွန်မကို လူ့လောကမှာ တစ်ယောက်တည်း ပစ်ထားခဲ့ပါပြီ။ သူတို့သားအဖတွေ သိပ်ရက်စက်တယ်"

ပြောပြောဆိုဆိုနှင့် ဖြစ်နေသော မိန်းကလေးကို 'ဖြစ်မှဖြစ်ရလေကွယ်' ဟူသော မှတ်ချက်တစ်ခုမှလွဲ၍ ရုတ်တရက် ကျွန်မ ဘာမှ ပြန်မပြောနိုင်။ ပြုဖွယ်ကိစ္စများဖြစ်သော အခေါင်းကို အိမ်ပေါ်တင်၍ ယာဉ်နောက်လိုက်ဝန်ထမ်းနှင့် အရပ်ထဲမှ လူငယ်များအကူအညီဖြင့် ရုပ်ကလာပ်ကို ခေါင်းထဲထည့်ခြင်း၊ သယ်ယူရန် အသင့်ပြင်ဆင်ခြင်းတို့ကို ကိစ္စပြီးမြောက်အောင် ဆောင်ရွက်ရသည်။


အလောင်းကို မြေနီလမ်းကလေးပေါ်သို့ သယ်ယူကြပြီး ထွက်ခွာရန် ပြင်သောအခါကျမှ ကျွန်မ သတိတရဖြင့် ပါလာသော ညှော်သည့် ဂျပန်အမျိုးသမီးများကို လှည့်ကြည့်ဖြစ်တော့သည်။

ထိုသောအခါဝယ် ဂျပန်အမျိုးသမီး စာရေးဆရာမကြီးသည် နာရေးရှင်မှဆိုးမငယ်ငယ်ကလေးအား ပခုံးကို ဖက်ကာ တရှုပ်ရှုပ် ငိုကြွေးနေသည်ကို တွေ့ရပါလေသည်။

❒


mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

များမကြာခင်တစ်ရက်က ဖြစ်သည်။ ကျွန်မ ပြန်ကြားရေးဂျူတီကျသော နေ့တွင် နာရေးကူညီမှုအသင်းရုံးသို့ ရောက်သည်နှင့် နာရေးအကူအညီ တောင်းသူတစ်ဦးနှင့် ဖုန်းပြောနေသော အုပ်ချုပ်ရေးမှူး၏ အသံကို တိုက်ရိုက် ကြား၍ စိတ်မချမ်းမြေ့ခြင်းများစွာ ဖြစ်သွားရသည်။

"နာရေးကူညီမှုအသင်းကလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"... ရပ်ကွက်က ဦး... အလောင်းကို ရေခဲတိုက်ပို့ဖို့ ကားလာသယ်မယ် ဆိုတာ ဘာဖြစ်လို့ မလာသေးတာလဲ"

"သြော်... ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့ ကားလွှတ်လိုက်ပါပြီခင်ဗျာ။ မကြာခင် ရောက်လာပါလိမ့်မယ်။ နံပါတ်က လ/၆၈၅၉ ပါ။ ကျွန်တော်တို့နဲ့ ကြိုတင်ပြောထားတဲ့ နေရာလေးကသာ ထွက်စောင့်နေပေးပါ ခင်ဗျာ"

# ကူညီမယောင်နှင့်
# နှောင့်ယှက်ကြသူများ

mgyoe.com

mgyoe.com SAMPLE BOOK

"စောင့်ခိုင်းထားတယ်ကွ၊ အခုထိမလာသေးလို့ မင်းတို့ကို ထပ်ဆက်တာ။ မင်းကားလွှတ်ထားတယ် ဆိုရင် အခုလောက်ဆို ရောက်ပြီပေါ့ကွာ၊ မင်းတို့ သဃ်န်းကျွန်းနဲ့ ဒီနေရာက ဆယ့်ငါးမိနစ်ဆို ရောက်ရမှာပေါ့ကွ"

"ရောက်လာမှာပါ အစ်ကိုကြီးရာ၊ စိတ်မစောပါနဲ့။ ကျွန်တော်တို့ လာသယ်ဖို့ ပြောထားတာ ဆယ်နာရီခွဲပါ။ အခုမှ ဆယ်နာရီ ဆယ်မိနစ်ပဲ ရှိပါသေးတယ်။ ကျွန်တော်တို့က အခမဲ့ ကူညီပေးနေတဲ့အသင်းပါ ခင်ဗျာ။ နာရေးရှင်တိုင်းကို တတ်နိုင်သမျှ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်"

"လုပ်ပေးရမှာပေါ့ကွ၊ အခမဲ့မို့လို့ မင်းတို့ကို အကူအညီ တောင်းတာပေါ့။ အခပေးရရင် ဘယ်ခိုင်းမလဲ။ အေး... စောင့်ကြည့်လိုက်မယ်။ နောက်ကျလို့ကတော့ မလွယ်ဘူး။ ဒါပဲ..."

တစ်ဖက်က စိတ်ဆိုးမာန်ဆိုးနှင့် ဖုန်းကို ဆောင့်ချသွားတော့ အုပ်ချုပ်ရေးမှူး မျက်နှာက ရှုံ့မဲ့ကျန်ခဲ့ရင်း "ဟား... ရိုင်းလိုက်တာ။ အဲဒီရပ်ကွက်မျိုးကို ဘယ်လိုလုပ်ပြီး ကူညီလို့ ရမလဲ။ ကြာရှည်ဆို မလွယ်ဘူး ထင်တယ်။ ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

အုပ်ချုပ်ရေးမှူးက တာဝန်ကျ ဈာပနကော်မတီ ခေါင်းဆောင်များဘက်သို့ လှည့်၍ အကြံတောင်းသည်။ ထုံးစံအတိုင်းဆိုပါက ကျွန်မတို့အသင်း၏ စေတနာနှင့် လုပ်ရပ်များပေါ်တွင် သဘောမပေါက်ဘဲ အထင်အမြင် လွဲမှားနေကြသော အရပ်ဒေသများအတွက် ဝမ်းနည်းစွာပင် အကူအညီပေးခြင်းကိစ္စကို ရှောင်ရှားရန်သာ ရှိသည်။ သို့သော် သည်လိုလူတန်းစားမျိုးက အလွန်ရှားပါးသဖြင့် ကျွန်မ ထိုသူကို စိတ်ဝင်စားစွာ တွေ့ဆုံဆွေးနွေးလိုသည်။ သူသည် နာရေးရှင်ကိုယ်တိုင်တော့ မဖြစ်နိုင်ဟုလည်း ကျွန်မ ကျိန်းသေယူဆသည်။

နာရေးကိစ္စ ဖြစ်ပေါ်လာလျှင် အကြောင်းကြားသူအမည်ကို ကျွန်မတို့က မှတ်တမ်းတင်ထားသည်။ ထိုသူသည် ကွယ်လွန်သူ၏ မိသားစုဝင်တစ်ဦး ဖြစ်ရပါမည်။ ကျွန်မတို့၏ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ငွေကြေးတစ်စုံတစ်ရာ ပေးစရာမလိုဘဲ စေတနာသက်သက်ဖြင့် ၎င်းတို့မိသားစု၏ အပူသောကမီးဖြင့် စီစဉ်နေရသော ဈာပနကိစ္စကို ဝန်ပေါ့စေအောင် လွှဲပြောင်းတာဝန်ယူပေးသူကို ကျေးဇူးမတင်ဘဲ နေမည် မဟုတ်။ ဤကဲ့သို့ ရိုင်းပျစော်ကားစွာ ဆက်ဆံလိမ့်မည် မဟုတ်ပေ။ လူတစ်ဦးတစ်ယောက် ရိုင်းပျမှုကြောင့် ထိုအရပ်ဒေသကို ကူညီမှု ရပ်သိမ်းရပါက အများနစ်နာပေလိမ့်မည်။ ထို့ကြောင့် ကျွန်မကပင် စတင်၍ "ကဲ... အခြေအနေလည်း သိရအောင် ကျွန်မတို့ ဆုံးဖြတ်ချက်ချဖို့ လုပ်ငန်းကြီးကြပ်အစည်းအဝေးကို မတင်ခင် အဲဒီနာရေးအိမ်ကို သွားပြီး လေ့လာကြ၊ ဆွေးနွေးကြရင် မကောင်းဘူးလား"

"ကောင်းတယ် ဆရာမ၊ အဲဒီလူက ဘယ်လိုလူလဲ ဆိုတာလည်း သိရတာပေါ့။


mgyoe.com

တကယ်လို့ တစ်ရပ်ကွက်လုံး သူလိုလူတွေချည်းပဲ ဆိုရင်တော့ ကျွန်တော်တို့ နောက်ပိုင်း အဲဒီရပ်ကွက်ကို ပယ်ဖျက်လိုက်ကြတာပေါ့"

ဟုဆိုကာ အတွင်းရေးမှူးအဖွဲ့ဝင် ဦးအေးလွင်၏ကားဖြင့် ဦးအေးလွင်၊ ကျွန်မနှင့် ဈာပနတာဝန်ကျခေါင်းဆောင် ဦးစန်းမြင့်ထွန်းတို့ နာရေးအိမ်လိပ်စာ ယူ၍ ထွက်ခဲ့ကြသည်။

✦

နေရာသိလျှင် တန်းခနဲရောက်သွားနိုင်သော်လည်း လိပ်စာကြည့်၍ လာရသော ကျွန်မတို့ကားမှာ ရပ်ကွက်အနေအထားအရ လမ်းမကြီးနှင့် ဝေးကွာပြီး အတွင်းဘက် ချောင်ကျကျနှင့် လမ်းကျဉ်းလမ်းသွယ်၊ လမ်းမြောင်လေးပေါင်းများစွာကို အချိုးအကွေ့လမ်းဆုံကလေးတစ်ခုတွေ့တိုင်း မေးမြန်းပြီးမှ ခက်ခက်ခဲခဲနှင့် နာရေးအိမ်ကျဉ်းကျဉ်းကလေးဆီ ရောက်လာကြသည်။

တစ်လမ်းလုံးကို မေးလာရသည်ဖြစ်၍ လူတော်တော်များများပါ ကွယ်လွန်သူ အမည်နှင့် အိမ်ကို ညွှန်ပြရင်း ကျွန်မတို့နှင့်အတူ ပါလာကြသည်။ အိမ်နှင့်နီးလာသော် ကား ဝင်၍ မရသဖြင့် လမ်းဆင်းလျှောက်ခဲ့ရသော ကျွန်မတို့သုံးဦး၏ နာရေးကူညီမှုအသင်းဝတ်စုံ နှင့် ရင်ထိုးတံဆိပ်များကလည်း ရပ်ကွက်နေသူတို့အတွက် စိတ်ဝင်စားစရာ ဖြစ်သွားပုံရကာ ကျွန်မတို့ အိမ်ပေါ်ရောက်သည်နှင့်အတူ အိမ်ကလေးအတွင်းရော၊ အိမ်အဆင်း အတက် နေရာတွင်ပါ လူအပြည့် ဖြစ်သွားတော့သည်။

ကျွန်မက နာရေးကူညီမှုအသင်းမှ အတွင်းရေးမှူးအဖွဲ့ဝင်၊ ဈာပနကော်မတီ ခေါင်းဆောင်၊ ပြန်ကြားရေးအဖွဲ့ခေါင်းဆောင် တာဝန်ရှိသူများအနေနှင့် နာရေးရှင်များကို ကျွန်မတို့အဖွဲ့မှ တစ်ဦးချင်း မိတ်ဆက်ပေးလိုက်ပြီး လာရောက်လေ့လာကြသူများနှင့်အတူ ကျွန်မတို့အဖွဲ့အား တလေးတစား ဂရုတစိုက်ရှိသော နာရေးရှင်မိသားစုအား စကားပြော ဖြစ်စဉ်...

"ကွယ်လွန်သူ ဦး... ရဲ့ ရုပ်ကလာပ်ကို ကျွန်မတို့အသင်းက လာသယ်သွားတာ အဆင်ပြေပါရဲ့လား။ ဘာအခက်အခဲများ ရှိပါသေးလဲ"

"အဆင်ပြေပါတယ် ခင်ဗျာ၊ ဘာအခက်အခဲမှ မရှိပါဘူး။ အဲဒီအတွက် တစ်လမ်း လုံးက ကျေးဇူးတင်နေကြတာပါ။ အဲဒီအသင်းကို သာဓုလည်း ခေါ်ပါတယ်"

ကျွန်မတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

"အချိန်ကော နောက်ကျသေးလား မသိဘူး။ ကျွန်မတို့တောင် အတော်ကလေး ရှာယူရတယ်"

ရှက်လွှာရိပ်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

"နောက်မကျပါဘူး ခင်ဗျ။ ဆယ်နာရီခွဲဖို့ ငါးမိနစ်အလိုလောက် ရောက်ပါတယ်။ ထွက်စောင့်တဲ့လူက တစ်ခါတည်း ခေါ်လာပါတယ်"

"ကျွန်မတို့ အသင်းအပေါ်မှာ ဘာများ မကျေနပ်ချက် ရှိပါသလဲ။ အဲ... အကြံပေးစရာရှိရင်လည်း ပေးဖို့ ဆွေးနွေးဖို့ပါ"

နာရေးရှင်တင်မဟုတ်ဘဲ ရှိနေသော ပရိသတ်ကိုပါ ဖိတ်ခေါ်လိုက်မိတော့ အားလုံးက အသင်းအပေါ်မှာ တလေးတစား ထောက်ခံအားပေး ကျေးဇူးတင်စကားများသာ တစ်ယောက်တစ်ပေါက် ထွက်လာကြတော့ ကျွန်မက အသင်းရုံးသို့ ဖုန်းဆက်သည့် ကိစ္စကို ဆွေးနွေးရန် ကျွန်မတို့လာရကြောင်းနှင့် ထိုပုဂ္ဂိုလ်၏ အမည်ကို ပြော၍ တွေ့ခွင့်တောင်းတော့ သူတို့အားလုံး တအံ့တသြနှင့် အားတုံ့အားနာကြီးဖြစ်ကာ ထိုသူကို ခေါ်ပေးသည်။ နာရေးအိမ်၏ ခေါင်းရင်းပိုင်း ထောင့်တစ်နေရာတွင် ထမင်းထိုင်စားရင်း ကျွန်မတို့ တက်လာသည်ကို မြင်သည်နှင့် ထမင်းပွဲမှထ၍ အတွင်းသို့ဝင်သွားသည်ကို မြင်လိုက်ရသူက ထိုအချိန်ကျမှ ကျွန်မတို့ရှေ့ရောက်လာကာ သူ့ကိုယ်မှ အရက်နံ့တထောင်းထောင်း ထနေသည်။

ကျွန်မတို့အနေနှင့် ဘာမှမတတ်နိုင်။ ကျွန်မတို့အသင်း၏ မေတ္တာ၊ စေတနာသက်သက်နှင့် ကူညီရသော လုပ်ငန်းအပေါ် သဘောထားအမြင် သေးသိမ်စွာ နှိမ့်ချဆက်ဆံသူအား 'ကျွန်မတို့မှာ မော်တော်ယာဉ်ခြောက်စီးပဲ ရှိပါတယ်။ ဒီကြားထဲ နေ့စဉ်လိုလို တစ်စီးလောက်ကတော့ ပျက်တတ်ပါတယ်။ တစ်နေ့ကို အကူအညီပေးရတဲ့ နာရေးက နှစ်ဆယ်လောက် ပျမ်းမျှရှိပါတယ်။ အဲဒီမှာလည်း မီးသင်္ဂြိုဟ်တဲ့သူကို ကျွန်မတို့က နံပါတ် (၁) ဦးစားပေး ဆောင်ရွက်ရပါတယ်။ မီးသင်္ဂြိုဟ်တယ်ဆိုတာ အချိန်အခါနဲ့ လုပ်ရတာပါ။ အသုဘပို့တဲ့ကားကို နာရေးမိသားစုက ငှားရတာပါ။ ကျွန်မတို့က ဈာပနတင်တဲ့ကားနဲ့ ခေါင်းရယ်၊ မီးသင်္ဂြိုဟ်ခ၊ အအေးခန်းခသာ ကျခံနိုင်သေးတာမို့ လူစီးအသုဘပို့ယာဉ်ကို ငှားထားကြရတဲ့ နာရေးရှင်တွေခမျာ ကျွန်မတို့ကားက တစ်နာရီနောက်ကျရင် အသုဘပို့ယာဉ်ကို တစ်နာရီစာ ပိုပေးရပါတယ်။ ဒါကြောင့် တတ်နိုင်သမျှ မီးသင်္ဂြိုဟ်မယ့် သူတွေကို အချိန်တိကျအောင် ဦးစားပေး ဆောင်ရွက်ရပါတယ်။ ဒါတောင် တစ်ခါတလေ မလွှဲသာ မရှောင်သာ ကြန့်ကြာမှုတွေ ရှိတတ်ပါသေးတယ်"

"ရှိမှာပေါ့၊ အများနဲ့ လုပ်ရတာပဲဟာ။ ဒီလောက်တော့ သည်းခံရမှာပေါ့။ ကူညီတာပဲ ကျေးဇူးတင်ရသေးတယ်"

ပရိသတ်ထဲမှ အသံတွေ ထွက်လာသည်။

"Body ကို အအေးခန်းပို့ဖို့ ကိစ္စကျတော့ တတ်နိုင်သမျှ အချိန်ကို နာရေးရှင်နဲ့ ညှိနှိုင်းရပါတယ်။ တစ်ခါတလေ ကျွန်မတို့ဘက်က ကားတွေရှိနေလို့ ပို့ပေးနိုင်ရင်တောင် အအေးခန်းက နေရာလွတ်မရှိသေးရင် ချက်ချင်းပို့လို့ မရပါဘူး။ အအေးခန်းမှာ နေရာလွတ်


mgyoe.com

mgyoe.com SAMPLE BOOK

ရှိပေမယ့် သင်္ဂြိုဟ်မယ့်လူအတွက် ကားလွှတ်ထားရင်လည်း အချိန်ရွှေ့ဆိုင်းရပါတယ်။ အခု ကျွန်မတို့အသင်းကို ဒီက နာရေးရှင်ဆိုပြီး ဆက်သွယ်တဲ့ ဦး... ရဲ့ ဆက်ဆံမှုက အလွန်ပဲ စိတ်မကောင်း ဖြစ်ရပါတယ်"

ဆိုပြီး ကျွန်မက လုံးစေ့ပတ်စေ့ပြောပြတော့ လူတွေအားလုံး မျက်လုံးမျက်ဆန် ပြူးကုန်ကြကာ ထိုသူကလည်း မှုးမှုးနှင့် တောင်တစ်ခွန်း၊ မြောက်တစ်ခွန်း ကာကွယ်နေတော့ နာရေးရှင်က "သူက ကျွန်တော်တို့နဲ့ ဘာမှမတော်ပါဘူး။ အိမ်မှာ အသုဘဖြစ်တာနဲ့ ရောက်လာပြီး ဘာမှမပူနဲ့၊ အစအဆုံး သူ အကုန်လုပ်ပေးမယ် ဆိုပြီး သူပဲ ဆက်သွယ်ပေးတာပါ။ ကျွန်တော်တို့ကလည်း ဗဟုသုတက နည်းတော့ ပူပင်နေရတဲ့အချိန်မှာ ဘာမှမလုပ်တတ်တော့ သူ့ကိုပဲ အားကိုးလိုက်တာပါ။ တောင်းပန်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့ဘက်က စော်ကားသလို ဖြစ်သွားတာကို တောင်းပန်ပါတယ်"

ဟု ပျာပျာသလဲ ပြောရှာသည်။ တကယ်လို့သာ ကျွန်မတို့က သူ့ကိုကော ဘယ်လောက် ပေးလိုက်ရသေးလဲဟု မေးလျှင် အဖြေတစ်ခုခုတော့ ထွက်လာမှာ သေချာသည်။ နာရေးအိမ်မှာ ရပ်ကွက်မှ လူကြီး၊ လူငယ်များနှင့် နာရေးကူညီမှုအသင်းနှင့် ပတ်သက်သော ၎င်းတို့သိလိုသည့် အချက်များကို ဖြေကြားပြီးနောက် အပြန်တွင် ကားဆီသို့ လိုက်ပို့သော လူငယ်လေးတစ်ဦးက...

"ဒီလူက အရပ်ထဲမှာ ဒါပဲ လုပ်စားနေတာ။ အခု အစ်မတို့ ရောက်လာလို့ တော်သေးတာပေါ့။ နို့မဟုတ်ရင် သူတစ်ယောက်တည်း မူးရူးပြီး မိုက်ရိုင်းတာနဲ့ တစ်ရပ်ကွက်လုံး နစ်နာတော့မလို့။ အခုတော့ ဆရာတို့၊ ဆရာမတို့ကို အားလည်း နာ၊ ကျေးဇူးလည်း တင်ပါတယ် ခင်ဗျာ"ဟုပြောကာ ရပ်ကွက်အတွင်းမှ လူများကလည်း ကားဆီသို့ လာရောက်ကာ နှုတ်ဆက်ကြသည်။

ကျွန်မတို့ ပရဟိတမောင်နှမသုံးယောက်ကတော့ သူများအပူကို ကူသလိုလိုနှင့် အခွင့်အရေးယူ၊ စီးပွားရှာ၊ ရိက္ခာထုပ်နေသူများ၏ ဘဝအကြောင်းကို ပြောဖြစ်ကြရင်း ၎င်းတို့၏ ဘဝသံသရာအတွက် ရင်လေးနေမိကြတော့သည်။

❐


mgyoe.com

mgyoe.com SAMPLE BOOK

# သစ္စာတရားကိုယုံသူ

ဒေါ်အေးမွန်

အင်တာဗျူး







မကြာမီ ၂၀၁၄ ကို ပတ်စာခွာ ဖျာလိပ်၍ ၂၀၁၅ နှစ်သစ်ကို ရင်ဖွင့်၍ ကြိုရပါဦးမည်။ အဲဒီ ၂၀၁၄ မှာ ကျွန်မကို ချစ်ခင်သော၊ ကျွန်မက ချစ်ခင်လေးစားရသော ဆရာသမားများနှင့် တွေ့ဆုံတိုင်း အေးမွန် ဘာမှ မလုပ်တော့ဘူးလား၊ ဘာမှ မရေးတော့ဘူးလားဟု ကရုဏာဒေါသော အပြောခံရတတ်ပါသည်။ ကျွန်မမှာ ဆွံ့အ ကြောင် ငေးလျက် တိတ်ဆိတ်စွာသာ ရှိရသည်။ လူအများ က ကျွန်မကို သွက်သည်၊ ချက်ချက်ချာချာ ပြန် ပြောတတ်သည်ဟု ထင်ကြသည်။ တကယ်တမ်း တော့ ကျွန်မက အပေါ်ယံသွက်သူသာ ဖြစ်ပါ သည်။ ရင်ထဲက အသံမထွက်တတ်သူ ဖြစ်သည်။ သိပ်မကြာသော ကာလတစ်ခုက အင်တာဗျူးကိစ္စ တစ်ခုဖြင့် မတက်တာကြာသော စာနယ်ဇင်း မိတ်ဆက်ပွဲတစ်ခုသို့ ရောက်ဖြစ် ရသည်။ မအေးမွန် ဘာတွေ လုပ်နေသလဲဟု စာနယ်ဇင်း ထဲမှ အမျိုးသမီးတစ်ဦး အမေးကို ကျွန်မ စာတွေ ရေးနေပါသည်ဟု ဖြေသည်။ ထိုအမျိုးသမီးက

mgyoe.com

mgyoe.com SAMPLE BOOK

စာရေးတာ ထမင်းဝလို့လား၊ လုပ်မနေပါနဲ့ဟု ကျွန်မကို ဆက်၍ ပြောသည်။ ထိုအမျိုးသမီးအား ကျွန်မ ပြန်ပြောစရာ စကား မရှိပါ။ ပြုံး၍သာ နေခဲ့သည်။ စာရေးခြင်းတစ်ခုတည်းဖြင့် ကျွန်မ ရပ်တည်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် ကျွန်မမှာ ရုတ်တရက် ဆွံ့အလျက် ပြန်ပြောစရာစကား မရှိခဲ့ပါ။ အချိန်ကာလ အတော်ကြာအောင် စာရေးတာ ထမင်းဝလို့လား ဆိုသည့် စကားအား နာကျင်ရင်းသာ ကျန်ခဲ့ပါသည်။ ကျွန်မ စာရေးတာ ထမင်းဝချင်၍ မဟုတ်ကြောင်း ပြန်မပြော ဖြစ်ခဲ့ပါ။ ဘာပြန်ပြောရမှန်းမသိ ဆွံ့အ ငေးကြောင်ရသည့် အခါများစွာပဲ ကျွန်မမှာ ရှိခဲ့ပါသည်။ ကျွန်မ ခံစားချက် အစစ်အမှန်များက စကားလုံးအားဖြင့် မထွက်တတ်ဘဲ စာရွက်များပေါ်၌သာ အက္ခရာ ထင်တတ်ကြပါသည်။ အဲဒါကြောင့်ပင် ကျွန်မ စာရေးဆရာ ဖြစ်ခဲ့သလား။ မေးခွန်းမေးသူ ဖြစ်ခဲ့သလား။ ကျွန်မ မသိပါ။

ဂျာနယ် အယ်ဒီတာ ဝန်ထမ်းဘဝက အနားယူခဲ့ပြီးသည့် ကာလနောက်ပိုင်း ၂၀၁၄ ခုနှစ်က ကျွန်မ အလုပ်အလုပ်ဆုံး ကာလဟု ပြောရင် ရပါသည်။ ခေါင်းစဉ်ပေါင်းများစွာဖြင့် စိတ်ကြိုက်တွေ့ဆုံခြင်းများ၊ မဂ္ဂဇင်းစာမျက်နှာများတွင် ရေးဖြစ်သလို ပြည်သူထဲက ပြည်သူ တွေရဲ့ ဘဝနေထိုင်မှုတွေအကြောင်း အလျဉ်းသင့်သလို သတင်းစာမှာ၊ FM မှာ ကျွန်မ ရေးသားတင်ဆက်ဖြစ်ခဲ့သည်။

၂၀၁၄ က ဂျာနယ်လစ် သက်တမ်း၊ စာရေးဆရာ သက်တမ်းမှာ ကျွန်မအတွက် ကျေနပ်စရာ အကောင်းဆုံးနှစ်ဟုပင် ဆိုချင်သည်။ အကြောင်းမတိုက်ဆိုင်၍ လူတချို့က ကျွန်မ ဘာလုပ်နေမှန်းမသိဟု ဆိုကြသည်။ တချို့က စေတနာနှင့်၊ တချို့က ဝေဒနာနှင့် ဖြစ်သည်။

ဘာကြောင့်ဆိုဆို ကိုယ့်အလုပ် ကိုယ်သိ၍ ကျေနပ်နေခြင်းမှတစ်ပါး ကျွန်မတွင် အခြားမရှိနိုင်ခဲ့ပါ။ လူမြင်သူမြင် စာနယ်ဇင်း မိတ်ဆက်ပွဲ အတော်များများအား ကျွန်မ ရှောင်ခဲ့သည်။ ဘဝမှာ အချိန်သိပ်မရှိတော့ဘူးဟု ကိုယ့်ကိုယ်ကိုယ်သိသော အသိဖြင့် ကျွန်မတစ်ဦးတည်းအတွက် အချိန်ပေးထိုက်သည်ဟု ယူဆသော အရပ်၌သာ ကျွန်မ နေပါသည်။ ထို့အတွက် ကျွန်မ ကျေနပ်ရသော လူပုဂ္ဂိုလ်များစွာနှင့် တွေ့ဆုံခြင်းများအား ၂၀၁၄ တွင် အဓိပ္ပာယ်ရှိရှိ လုပ်နိုင်ခဲ့ပါသည်။

မအေးမွန်ကို မတွေ့လို့ဟု ဆိုသော စကားများအား ကျွန်မ ပြုံး၍သာ နာယူမိပါ သည်။ ကျွန်မက ကျွန်မ ရှိသင့်ရှိထိုက်သော အရပ်၌ ရှိနေရုံသာ ဖြစ်ပါသည်။ အလုပ်ဖော ကြောင့် ပျက်ကွက်ခဲ့ရသည့် လူမှုရေးနှင့် တာဝန်တချို့ကိုတော့ဖြင့် ကျွန်မ လစ်ဟင်းရပါသည်။

ကျွန်မ လက်ဝယ်ပိုင်ပိုင် ရရှိထားသော အသံဖိုင်များစွာက ထိုလစ်ဟင်းမှုများ အတွက် ကျွန်မကို မျက်နှာပူ သက်သာစေပါသည်။ ကျွန်မ၏ အဓိပ္ပာယ်ရှိသော ၂၀၁၄ အတွက် ဖြစ်ပါသည်။ ၂၀၁၄ သည် နယ်ပယ်စုံမှ လူပုဂ္ဂိုလ်များအား ကျွန်မ မေးခွန်းထုတ်


mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ခဲ့သော နှစ်ဖြစ်ပါသည်။ ထို့အတူ ကျွန်မကိုယ် ကျွန်မ မေးခွန်းများစွာ ထုတ်ခဲ့သော နှစ်ကာလတစ်ခု ဖြစ်ပါသည်။

တချို့မေးခွန်းများက ကျွန်မအတွက် အဖြေရှိသလို၊ တချို့မေးခွန်းများက ကျွန်မအတွက် အဖြေမရှိပါ။ ထို့အတွက် ကျွန်မ ဆက်၍ မေးခွန်းမေးနေရဦးမည်သာ ဖြစ်သည်။ ကျွန်မ၏တွေ့ဆုံခြင်းများက မရပ်တန့်နိုင်ခဲ့။

✧

ကျွန်မအတွက် ၂၀၁၄ အော်ဒါတွေထဲမှာ ဒေါ်သန်းမြင့်အောင်အား တွေ့ဆုံရန် ပါခဲ့ပါသည်။ အလွန်အလုပ်များသော ဒေါ်သန်းမြင့်အောင်အား ကျွန်မ ဖမ်းမမိနိုင် ရှိခဲ့ရပါသည်။ ကျွန်မကိုလည်း ဘယ်သူကမှ ဖမ်းမမိနိုင် ရှိကြသည်ဟု ကြားရပါသည်။

တိုက်တိုက်ဆိုင်ဆိုင် ဒီဇင်ဘာ ၆ ရက် တော်ဝင်နှင်းဆီ၌ ကျင်းပသော ဆရာမကြီး ဒေါ်ခင်ဆွေဦး၏ မွေးနေ့ပွဲမှာ အစ်မ သန်းမြင့်အောင်ကို အချိန်ကြာကြာ ကျွန်မ တွေ့ရသည်။ ကျွန်မ နံဘေးအပါးမှာ လာထိုင်သော အစ်မသန်းမြင့်အောင်အား အခွင့်အရေးကို အမိအရ ဖမ်းဆုပ်ရင်း မဖြစ်မနေ ချိန်းရပါတော့သည်။





မနက်ဖြန် ဒီဇင်ဘာ ၇ ရက် ညနေ ပြည်သူ့ရင်ပြင် ကမ္ဘာ့ဖော်လန်တီယာနေ့တွင် ဟောပြောပွဲရှိသည်။ အေးမွန် လာခဲ့ပါဟု အစ်မ သန်းမြင့်အောင်က ကျွန်မအား ချိန်းပါသည်။ ဝမ်းသာပျော်ရွှင်တက်ကြွစွာဖြင့် ကျွန်မ သွားရောက်ခဲ့ပါသည်။ ကမ္ဘာ့ဖော်လန်တီယာနေ့ကျင်းပရာ ပြည်သူ့ရင်ပြင်သို့ ကျွန်မ သွားရောက်ခဲ့ပါသည်။ လူငယ်များ၏ များစွာသော ပရဟိတ အမည်နာမများနှင့်အတူ ထိုညနေ၌ ဒေါ်သန်းမြင့်အောင်အား လူငယ်တွေကြားမှာ လူငယ်တွေအတွက် ပရဟိတတရားနှင့်အတူ ကျွန်မ တွေ့ရပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အစ်မ သန်းမြင့်အောင်ကား မရန်းရောင်ဝမ်းဆက်ဖြင့် တည်ငြိမ်လေးနက်သော ကျက်သရေကို ဆောင်လျက်ရှိပါသည်။ အစ်မ သန်းမြင့်အောင်ကို ချစ်ခင်မြတ်နိုးစွာ ကြည့်ရင်း၊ အစ်မပြောသော စကားများအား နားစိုက်ထောင်ရင်း အေးမြသော ညက လှပ တက်ကြွစွာ အသက်ဝင်ပါသည်။

အေးမွန်ရေ၊ အစ်မ စင်ကူးရဦးမယ်ဟု (မင်္ဂလာဒုံ စာပေဟောပြောပွဲ) အစ်မက ပြောတော့ နောက်တစ်ရက် ထပ်မံချိန်းဆိုခဲ့ရပြန်ပါသည်။

မင်္ဂလာဒုံ စာပေဟောပြောပွဲပြီးချိန် အစ်မသန်းမြင့်အောင်၏ အိပ်ချိန်၊ အနားယူ ချိန်များကို ထည့်တွက်လျက် နောက်နေ့မနက်မှာ အားနာစွာဖြင့် ကျွန်မ ဖုန်းဆက်ရပါသည်။ မနက် ၈ နာရီခန့်မှာ ဖုန်းဖွင့်၍ အလုပ်များနေပြီ ဖြစ်သော အစ်မ သန်းမြင့်အောင်အား ကျွန်မ အံ့သြရင်း စာနာစိတ်ကြီးစွာဖြင့် အစ်မ နားပါဦးဟု ပြောဖြစ်ရပါသည်။ ရတယ် အေးမွန်၊ မြောက်ဒဂုံ ဆည်းဆာရိပ်ကို လာခဲ့လို့ အစ်မကပြောတော့ အားနာသည့်ကြားက ဝမ်းသာအားရစွာ ဟုတ်ကဲ့ အစ်မ၊ ကျွန်မ လာခဲ့မယ်။ အစ်မ မအားမချင်း၊ မလာမချင်း စောင့်ပါမည်ဟု ကတိစကား ဆိုရပါသည်။

တစ်ခါတစ်ခါတော့ ကျွန်မ အလုပ်လုပ်ရပုံများကို ကိုယ့်တစ်ကိုယ်စာ ကျိတ်၍ ရယ်မောချင်မိပါသည်။ လူတစ်ယောက်ကို မတွေ့မချင်း အမိအရ ချိန်း၊ တကောက်ကောက် အနောက်က လိုက်ရသော ကျွန်မအလုပ်က ဘာနှင့်တူသည်ကို တွေးမိ၍ ဖြစ်ပါသည်။ ၂၀၁၄ တွင် လုပ်ခဲ့သော အင်တာဗျူးအတော်များများက အချိန်အတော်များများ ပေး၍ လုပ်ဖြစ် ခဲ့သော အင်တာဗျူးများ ဖြစ်သည်။ မီဒီယာလောက ဝင်စအချိန် တွေ့ရာနေရာမှာ တွေ့ရာ လူကို တွေ့ရာမေးခွန်း မေးရသော ဘဝနှင့်ကား လားလားမျှ မဆိုင်ဟုသာ ဆိုချင်သည်။ အင်တာဗျူးတစ်ပုဒ်အတွက် အချိန်အတိုင်းအဆမရှိ ကျွန်မ မြှုပ်နှံထားပါသည်။ ထို့အတွက် ကျွန်မ ကျေနပ်ရပါသည်။ မင်းသမီး စိုးမြတ်သူဇာကတော့ သံသရာအဆက်ဆက် လူဖြစ်ခွင့် ရလျှင် မင်းသမီးဖြစ်ချင်ကြောင်း ပြတ်သားရဲရင့်စွာ ထုတ်ဖော်ပြောခဲ့ဖူးပါသည်။ ကျွန်မက တော့ သံသရာအဆက်ဆက် လူဖြစ်ခွင့် ရပါဦးမည် ဆိုလျှင် ဟုတ်ကဲ့၊ အတော်စဉ်းစားရပါ လိမ့်ဦးမည်။ မရောက်ဖြစ်သေးသော၊ အလွန်ရောက်ချင်နေသော မြောက်ဒဂုံရှိ အစ်မ သန်းမြင့်အောင် ဦးစီးတည်ထောင် ဖွင့်လှစ်ထားသော အဘိုးအဘွားများ နားခိုရာ ဆည်းဆာ ရိပ်ကို ဒီဇင်ဘာ ၈ ရက်က ကျွန်မ ဦးတည်ဖြစ်ပါသည်။

ဆည်းဆာရိပ်ကို ရောက်တော့ အသင့်ရှိကြသည့် ဝန်ထမ်းများက ကျွန်မအား ဝမ်းပန်းတသာ ကြိုဆိုကြပါသည်။ ဩော်... ဆက်ဆံရေး ကောင်းလေစွဟု ကျွန်မ အတွေး မဆုံးမီမှာ ရုံးခန်းထဲ ဖိတ်မန္တကပြုရင်း၊ နေရာထိုင်ခင်းပေးရင်း တာဝန်ရှိသူ ဦးလေးတစ်ယောက် ရဲ့စကားက ကျွန်မအား ဆွံ့အစေပါသည်။ အလှူရှင်လာတယ်၊ နေရာပေးပါဟော့ဟု ဆိုသော


mgyoe.com

mgyoe.com SAMPLE BOOK

စကားက ကျွန်မအား ထိုင်ရ၊ ထရ ခက်စေပါသည်။

ကျွန်မ အမြဲပြောလေ့ရှိသည့် စကားအရ ဆိုရင်တော့ ကျွန်မ ဥပမိရုပ်မကောင်းခြင်းသာ ဖြစ်ပါသည်။ အိတ်ထဲမှာ ငွေအနည်းငယ်၊ အသံဖမ်းစက်နှင့် ကင်မရာသာ အစဉ်ပါပါလျက် ကျွန်မအား လူအတော်များများက အထင်တလွဲဖြင့် အထင်ကြီးတတ်ကြသည်ကို ကြုံရပေါင်းများလို့ အရေထူပြီ ဆိုသော်ငြားလည်း ဒီနေရာမှာတော့ ကျွန်မ အရေမထူပါ။ လှုချင်၊ တန်းချင်သော ဘယ်က ဘယ်လိုပါလာသည် မသိသည့် မွေးရာပါ ဗီဇစိတ်ကလေး ခေါင်းပြူလို့ ကျွန်မ အားငယ်သွားရသည်။

အစ်မသန်းမြင့်အောင်နှင့် တွေ့ဆုံရန်ရှိသဖြင့် လာရခြင်းသာ ဖြစ်ကြောင်း ပြောတော့ ရုံးခန်းထဲက လူအားလုံး 'သြော်' ဟု ဆိုကြပါသည်။ ကျွန်မလည်း ရင်ထဲက ကျိတ်၍ 'သြော်' ဟု ဆိုဖြစ်ပါသည်။

ဆည်းဆာရိပ် ဝန်ထမ်းများ အလုပ်လုပ်ရာ ရုံးခန်းအတွင်းမှာ အစ်မ သန်းမြင့်အောင်၏ ခံ့ညားလှပသော တစ်ကိုယ်စာ ရုပ်ပုံကားချပ်ထောင်လျက် တွေ့ရပါသည်။

အစ်မသန်းမြင့်အောင်၏ ဓာတ်ပုံကိုကြည့်ရင်း၊ နံရံပေါ်မှ စာသားနှင့် စာရင်းဇယားများကို ကြည့်ရင်း၊ ဆည်းဆာရိပ်မှ အဘွားများနှင့် စကားဆိုရင်း အချိန်များကို ကျော်လွန်ရပါသည်။ (ထမင်းစားချိန်ဖြစ်၍ အဘိုးများနှင့် မတွေ့ခဲ့ပါ)



နာရီအတန်ကြာမှာ အစ်မသန်းမြင့်အောင် ရောက်လို့လာပါပြီ။ မအားလပ်သည့် ကျွန်မတို့ အစ်မကြီးက ရွှင်လန်းတက်ကြွစွာဖြင့် အေးမွန်ရေ အဘိုးတွေ၊ အဘွားတွေ ကြည့်ပြီးပြီလားဟု စကားဆို နှုတ်ဆက်ရင်း ဆည်းဆာရိပ် ရုံးခန်းအတွင်းသို့ မမောမပန်း တက်ကြွသော ခြေလှမ်းများဖြင့် ရောက်ရှိခဲ့ပါသည်။



ရွှက်လှ့ာရိပ်စာအုပ်တိုက်

mgyoe.com

mgyoe.com
SAMPLE BOOK

အစ်မ သန်းမြင့်အောင်၏ အသံက ကျွန်မကို အင်အားများ ကူးစက်စေပါသည်။ ကျွန်မ၏ ဘ၀ထဲက မိန်းမသား ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ အေးမွန်ရေ လာဟေ့၊ ငါတို့ တိတ်ဆိတ်တဲ့နေရာကို သွားရအောင်ဟု အပေါ်ထပ်သို့ အစ်မက ဦးဆောင်တော့ ကျွန်မက အသင့်ပင် လိုက်ပါလျက်သား။ ဆည်းဆာရိပ်မှ အဘွားများက ဒေါ်သန်းမြင့်အောင်အား ဆရာမကြီးဟု ရင်းနှီးချစ်ကြည်စွာ ရင်ထဲ၊ နှလုံးသားထဲမှ လာသော ဘာသာဗေဒဖြင့် နှုတ်ဆက်စကား ဆိုကြပါသည်။

ကြည့်လေ မြင်လေသမျှ မြင်ကွင်းတွေက ကျွန်မအတွက် ပီတိအာဟာရဖြင့် လှလှ ပပ ရှိလွန်းပါသည်။

ကဲ၊ အေးမွန်ရေ မေးတော့ဟေ့ဟု ဆည်းဆာရိပ်အပေါ်ထပ် ညှော့ခန်းဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ရင်း အစ်မသန်းမြင့်အောင်က ခွင့်ပေးတဲ့အခါ ဩော်၊ သူ့ခမျာ အနား ယူတာတောင် အလုပ်လုပ်ရင်းပါလားလို့ တွေးမိရင်း လက်အစုံကတော့ ဝင့်ကြွေးကြီးလှစွာပင် အသံဖမ်းစက်ကို အသင့်ပြင်ပြီး ဖြစ်ရပါတော့သည်။

✦

**"ဘ၀ထဲက မိန်းမသား" ဆိုတဲ့ ခေါင်းစဉ်အောက်က အစ်မကို မေးခွန်းတွေ မေးချင်ပါတယ်ရှင့်။ ဘ၀ဆိုတာ ရှင်သန်ရ ခက်ခဲတဲ့အရာ၊ မိန်းမသားတစ်ယောက်ရဲ့ ရပ်တည်မှုမှာလည်း ရှင်သန်ရ ခက်ခဲပါတယ်။ အဲဒီခက်ခဲတဲ့ အရာနှစ်ခုကြားမှာ ရှင်သန်ထမြောက်ဖို့ ကြိုးစား တည်ဆောက်ရတဲ့ အမျိုးသမီးတွေအကြောင်း တင်ပြလိုစိတ်နဲ့ ဒီခေါင်းစဉ်ကို ကျွန်မ ပေးဖြစ် တာပါ။ ကျွန်မရဲ့ "ဘ၀ထဲက မိန်းမသား" ဆိုတဲ့ အင်တာဗျူးခေါင်းစဉ်အပေါ် အစ်မရဲ့ အမြင် ကနေ စတင်ပြီး ပြောပြပေးပါဦးရှင့်။**

ကျွန်မအနေနဲ့ မိန်းမသားလို့ပဲ ပြောပြော၊ အမျိုးသမီးလို့ပဲ ပြောပြော၊ မိန်းမလို့ပဲ ပြောပြော ကျွန်မတို့က မိခင်မျိုးနွယ်တွေပါ။ မိခင်မျိုးနွယ် ဖြစ်ရတဲ့အတွက် ကျွန်မ ဂုဏ်ယူ ပါတယ်။ ဘာကြောင့်လဲဆိုတော့ မိခင်မေတ္တာဟာ ဘာနဲ့မှ နှိုင်းမရအောင် ကြီးမားတယ် လေ။ ဘယ်လို ပညာတတ်တဲ့ မိန်းမပဲဖြစ်ဖြစ်၊ ပညာမတတ်တဲ့ မိန်းမပဲဖြစ်ဖြစ်၊ ပိုက်ဆံရှိတဲ့ မိန်းမပဲ ဖြစ်ဖြစ်၊ ဆင်းရဲနွံ့ချာတဲ့ မိန်းမပဲဖြစ်ဖြစ် အနည်းအကျဉ်းသော လူ့ဘ၀ရဲ့ချွတ်ယွင်းချက် မှာ ပါသွားတဲ့ လက်ချိုးရေလို့ရတဲ့ သူကလွဲရင် မိန်းမမှန်သမျှ အမျိုးသမီးမှန်သမျှရဲ့ နှလုံးသားက မိခင်စိတ် ရှိပါတယ်။ အဲဒါ လောကကြီးမှာ မေတ္တာတရား ကြီးမားတဲ့ လူတန်းစား တစ်ရပ်ပေ့ါ။

မိန်းမဖြစ်ရလို့ ကိုယ့်ကိုယ်ကိုယ် အားမရဘူးဆိုတာ မရှိဘူး။ မိန်းမသည် ကာယ အားနဲ့ မစွမ်းဆောင်နိုင်တာ ရှိမယ်။ ဒါပေမဲ့ ကြီးမားတဲ့ မေတ္တာ၊ ကရုဏာဓာတ်နဲ့ ဉာဏ်


mgyoe.com

mgyoe.com SAMPLE BOOK

ပညာနဲ့ ဉာဏအားနဲ့ စွမ်းဆောင်နိုင်တာ အများကြီးပါ။ ဒါကြောင့် မိန်းမဖြစ်ရလေခြင်း ဆိုတဲ့ စိတ်မျိုး ဘယ်တုန်းကမှ မတွေးခဲ့ပါဘူး။

**အမျိုးသမီးထုကြားမှာ ပရဟိတလုပ်တဲ့၊ လုပ်လိုတဲ့ လူငယ်တွေကြားမှာ ဆရာမက သူ့ရဲ့ကောင်း တစ်ယောက် ဖြစ်ခဲ့ပါပြီ။ ဒီနေ့ ဒီအချိန်မှာ လူငယ်တွေအတွက် ဆရာမက နည်းလမ်းတွေ ပြန်လည် ပြောပြနိုင်ပြီပေါ့။ အဲဒါတွေ နားထောင်ရင်း ကျွန်မအတွေးထဲ ဆရာမရဲ့ ငယ်ဘဝကို မြင်ယောင်ကြည့်မိရပါတယ်။ ဆရာမရဲ့ လူငယ်ဘဝက ဘယ်လို အမျိုးသမီးငယ်တစ်ယောက် ဖြစ်ခဲ့လဲဆိုတာ ပြန်လည် ပြောပြပေးစေချင်ပါတယ်ရှင်။**

ကျွန်မ လူငယ်တစ်ဦးဘဝ ခြေလှမ်းသစ်နဲ့ စလှမ်းရတော့မယ့်အချိန်မှာ ပတ်ဝန်းကျင်က သိပ်အရေးကြီးပါတယ်။ လူငယ်တစ်ယောက်အတွက် ပတ်ဝန်းကျင်က အရေးကြီး ပါတယ်။ ပထမ ပတ်ဝန်းကျင်က မိသားစုပါ။ ဒုတိယ ပတ်ဝန်းကျင်က အသိုင်းအဝိုင်းပါ။ ကျွန်မက ပတ်ဝန်းကျင်ကောင်းမှာ ရှင်သန်ခွင့် ရခဲ့သူလို့ ပြောရမှာပါ။ ပတ်ဝန်းကျင်ကောင်း ဆိုတာ ကိုယ်ကျင့်တရားကောင်းတဲ့ ပတ်ဝန်းကျင်ကို ပြောတာပါ။ ငွေကြေးချမ်းသာတဲ့ ပတ်ဝန်းကျင်ကို ပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့မိဘတွေက ငွေကြေး မရှိပါဘူး။ ဆင်းရဲ တယ်လို့တောင် ပြောလို့ရပါတယ်။ သားသမီးတွေကို ပင်ပန်းကြီးစွာ ရုန်းကန်ကျွေးမွေးရတဲ့ မိဘတွေက မွေးလာခဲ့တာပါ။ ဒါပေမဲ့ ကျွန်မတို့မိဘတွေက ကိုယ်ကျင့်တရားကောင်းပြီး ကြင်နာတတ်ကြတယ်။ အမေက အတန်းစာကို လေးတန်းလောက်အထိပဲ သင်ရပေမယ့် အပြင်စာတွေ အရမ်းဖတ်တဲ့သူပါ။ အဖေက စာသိပ်ဖတ်တာကိုး။ အဖေ စာဖတ်တော့ အမေကလည်း စာတွေ အရမ်းဖတ်ပါတယ်။ အဲဒီတော့ ကျွန်မက စာအုပ်တွေကြားထဲ ကြီးပြင်းခဲ့ရတယ်။

ဒါက မိသားစုအသိုင်းအဝိုင်းလေးထဲက ရှင်သန်နိုင်တဲ့ တွန်းအားလေးတွေပါ။ ကျွန်မရဲ့မိခင်ဟာ မှီခိုစိတ်ရှိတဲ့ အမျိုးသမီး မဟုတ်ပါဘူး။ ကျွန်မအဖေ ဓာတ်ပုံဆရာရဲ့ ဝင်ငွေလေးနဲ့ မီးဖိုချောင်ထဲမှာ ခြိုးခြိုးခြံခြံ မိန်းမပီပီသသနေရင်းနဲ့ ကလေးတွေကို ထိန်း ကျောင်းလို့ရတဲ့ အနေအထားမှာ ကျွန်မအမေက အစွမ်းအစ ရှိခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ခြိုးခြံနိုင်လို့ပါ။ ဒါပေမဲ့ အဲဒီအချိန်က အစဉ်အလာလိုဖြစ်နေတဲ့ အမျိုးသမီး တော် တော်များများရဲ့ မှီခိုသူဘဝမျိုးကို နေနိုင်ပါလျက်၊ နေတတ်ပါလျက်နဲ့ မေမေက မနေခဲ့ဘူး။ မိန်းမတစ်ယောက်ရဲ့ ဘဝကို မီးဖိုချောင်ထဲမှာပဲ မတင်းတိမ်ခဲ့ဘဲနဲ့ သူတတ်တဲ့ ဈေးရောင်း တဲ့ အလုပ်ကို လုပ်ခဲ့တယ်။ ကျွန်မ အမေ ပြောခဲ့တာ တစ်ခုရှိတယ်။ မလှူတတ်ရင် ဈေးရောင်း ရတယ်တဲ့။ ကိုယ့်ဘာသာ အိမ်မှာ ယောက်ျားသား ဝင်ငွေလေးနဲ့ နေရတာက အင်မတန် ခြိုးခြံရတယ်လေ။ သူများကို လှူချင်ပေးချင်တာကို ချုပ်တည်းထားရတယ်။ အိပ်ရမယ့် အချိန်


mgyoe.com

mgyoe.com SAMPLE BOOK

တွေကို အမေက လျှော့အိပ်ပြီး မနက်အတွက် အလုပ်တွေကို ကြိုလုပ်ထားပြီး မနက်စောစောထ၊ သားသမီးတွေအတွက် စီမံစရာရှိတာ စီမံလို့ပြီးရင် ဈေးတစ်ဈေးမှာ သွားထိုင်ပြီး ဈေးရောင်းတယ်။ ဈေးထဲမှာ သုံး၊ လေးနာရီလောက်ထိုင်ပြီး ဈေးရောင်းလို့ရတဲ့ ငွေက ပေးချင်တဲ့လူ ပေးလို့ရတယ်။ လှူချင်တဲ့လူ လှူလို့ရတယ်။ သားသမီးတွေရဲ့ ပညာရေးမှာလည်း ထည့်သုံးလို့ ရခဲ့တယ်။ ကျွန်မအမေက ပညာမတတ်ပေမယ့်၊ စာမတတ်ပေမယ့် စာဖတ်တဲ့အတွက် အဲဒီလို ခွန်အားလေး ရခဲ့တယ်။ ကျွန်မက အမေကို အဲဒီအချိန်လေးက စပြီး အားကျခဲ့တယ်။ ကျွန်မ အမေနဲ့ အဖေကလည်း အားကျထိုက်ခဲ့တယ်။ အဖေဆိုရင်လည်း အရက်သောက်တတ်တာက လွဲလို့ တခြားသီလ မကျိုးပေါက်ခဲ့ဘူး။ သူကြိုက်လို့ သောက်တာပဲ ရှိတယ်။ ကျွန်မအဖေ သီလတစ်ပါး မမြဲပေမယ့် ကျန်တာတွေ မြဲခဲ့တယ်။ တချို့အရက်မသောက်ပေမယ့် သီလတွေအားလုံး ကျိုးပေါက်ကြသူတွေ ရှိပါတယ်။ ကျွန်မက အဖေ အရက်သောက်ရင် မကြိုက်ဘူး။ အရက်ပုလင်းမြင်ရင် လွှင့်ပစ်တတ်လွန်းလို့ အဖေက ဝှက်ထားရတယ်။ အဲဒီတစ်ပါး ကျိုးတာလည်း ကျွန်မ မကြိုက်ခဲ့ဘူးလေ။ ဒါပေမဲ့ ကျွန်မ အဖေပြောတဲ့ ငါ အရက်သောက်ပေမယ့် တခြားသီလတွေ မကျိုးပေါက်ဘူး ဆိုတဲ့ စကားကိုတော့ နည်းနည်းစွဲတာပေါ့။

မိဘတွေက ကျွန်မတို့ကို သင်ပေးသွားတာပေါ့။ ရှေ့မှာ သင်ပေးသွားတာတွေလည်း အများကြီးရှိတယ်။ ကိုယ်ကျင့်တရား သီလနဲ့ ပတ်သက်တာတွေပါပဲ။ ကျောင်းနေတော့လည်း ဆရာကောင်းတွေ တွေ့ခဲ့ရသလို ပတ်ဝန်းကျင်ကျတော့လည်း ပတ်ဝန်းကျင်



ကောင်းတွေနဲ့ ရှင်သန်ရတဲ့အတွက် ဘယ်ဟာ ကောင်းတယ်၊ ဘယ်ဟာ ဆိုးတယ် ဆိုတာ ကျွန်မ ကလေးဘဝမှာ ကတည်းက သိခွင့်ရခဲ့တယ်။ အဓိက ကျွန်မရဲ့ လူငယ်ဘဝကို ထိန်းကျောင်းခဲ့တာက စာအုပ်တွေပါပဲ။ ဒီစာအုပ်တွေကလည်း မိဘတွေ ကျေးဇူးကြောင့် ဖတ်ခွင့်ရခဲ့တာပါ။

ကျွန်မ တော်လို့၊ တတ်လို့ မဟုတ်ခဲ့ပါဘူး။ လူမှန်း သိတတ်စကတည်းက ဖြူစင်တဲ့ ပတ်ဝန်းကျင်လေးမှာ ခြေချခွင့် ရခဲ့လို့ပါ။ ဘာကြောင့်လဲဆိုတော့ ကလေးသူငယ်တွေကို


mgyoe.com

mgyoe.com SAMPLE BOOK

ပတ်ဝန်းကျင်က အရောင်ဆိုးတတ်တယ်လေ။ လူငယ်ဆိုတာ၊ ကလေးဆိုတာရဲ့ အမှန်တရားက မိဘပါ။ ပုဗ္ဗာစရိယ မိန္နင့်ဖလို့ ဆိုထားတာကို။ ပတ်ဝန်းကျင်က ပြုကျင့်တဲ့ အရာမှန်သမျှသည် ဒီကလေးအတွက် အားကျအတုယူစရာ အမှန်တရားတွေချည်းပါပဲ။ နောင်မှသာ ပညာတွေ တတ်လာမှ၊ ဒီကလေး စာတွေ ဖတ်ခွင့်ရလာမှသာ အကောင်း၊ အဆိုးကို ခွဲခြားသွားနိုင်မှာပါ။

**ဖြူစင်တဲ့ အကျင့်သီလ ကောင်းမွန်တဲ့ အရာတွေကို မိဘတွေဆီက တစ်ဆင့်၊ ပတ်ဝန်းကျင်ကောင်းက တစ်ဆင့် ရခဲ့တာပေါ့နော်။**

ဟုတ်ပါတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ ဆရာကောင်း သမားကောင်းတွေဆီက တစ်ဆင့်ပါပဲ။

**လူတိုင်းမှာ ငယ်အိပ်မက်တွေ ရှိမှာပါ။ ဆရာမရဲ့ ငယ်အိပ်မက်တွေထဲမှာ စာရေးဆရာမတော့ မဖြစ်ခဲ့သေးဘူး ထင်ပါတယ်နော်။**

ဟုတ်ပါတယ်။ စာဖတ်တယ်ဆိုတဲ့ နေရာမှာ ဖတ်တာတွေကတော့ အများကြီးပေါ့။ ၁၃ နှစ်သမီးမှာ ရသစာပေတွေ ဖတ်နေပြီ။ အဲဒီအရွယ် ဆိုတာက အေးမွန်တို့လည်း သိပါတယ်။ လေတိုက်လို့ သစ်ရွက်လှုပ်ရင်တောင် ရယ်ချင်တယ်ဆိုတဲ့ အရွယ်ပါ။ အဲဒီအချိန်အခါမှာ ရသစာပေ ဖတ်ဖြစ်တော့ ရသကိုးပါးက အကုန်ခံစားမိတာကိုး။ ကျွန်မတို့ စွဲစွဲလမ်းလမ်း ဖတ်ခဲ့တာက အဲဒီခေတ်မှာ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာငြိမ်းကျော်၊ ဂျာနယ်ကျော်မမလေး၊ ခင်ဆွေဦး၊ ခင်နှင်းယုတို့ပေါ့။ ပြီးတော့ စိန်စိန်၊ စိန်စိန်ရဲ့ ခရီးဝကီပါကို ဖတ်ပြီးတော့ အနာကြီးရောဂါသည်တွေရဲ့ ဘဝကို ကိုယ်ကိုယ်တိုင် ခံစားရသလိုပါပဲ။ ဒါကြောင့် ပရဟိတ လုပ်တဲ့အခါ ပထမဦးဆုံး ဝင်တဲ့ အခန်းကဏ္ဍမှာ အနာကြီးရောဂါ ပါခဲ့တယ်။

မှတ်မှတ်ရရ ၁၃ နှစ်သမီးက စာတွေ ဖတ်တဲ့အချိန်မှာ 'မွေး' ဝတ္ထု။ ဆရာမကြီး ဒေါ်ခင်နှင်းယု ရေးတာပေါ့။

မွေးရယ်၊ အတွတ်ရယ်၊ ကိုကိုနိုင်ရယ် သုံးပွင့်ဆိုင် ဇာတ်လမ်းမှာ မွေးရဲ့မိခင် ဒေါ်တင်တင်ကြီးက ပြောလိုက်တဲ့ စကားလေးတစ်ခွန်း ရှိတယ်။ 'အတွတ်ရေ လူဆိုတာ ကိုယ်ကျိုးစွန့်တဲ့ စိတ်နဲ့ အများအတွက် အနစ်နာခံတဲ့ စိတ်သာမပါရင် တခြားသတ္တဝါတွေနဲ့ ဘာများထူးဦးမှာလဲတဲ့' အဲဒီစာသားလေးက အစ်မအတွက် စဉ်းစားစရာ ဖြစ်ခဲ့တယ်။ လိုင်းသားထားလိုက်တယ်။ အနက်အဓိပ္ပာယ်ကို ငယ်သေးလို့ သေချာမသိပေမယ့် တစ်လုံးချင်း ဘာသာပြန်ကြည့်တာပေါ့။ ကိုယ်ကျိုးစွန့်တယ်ဆိုတာ ကိုယ့်အကျိုးစွန့်တာပေါ့


mgyoe.com

mgyoe.com
SAMPLE BO

နော်။ ကလေးဆိုတော့ လောဘစိတ်လေးက ရှိတော့ ကိုယ့်အကျိုးတော့ မစွန့်နိုင်ဘူးပေါ့လေ။ ကိုယ်ကျိုးလည်း စွန့်ရမယ်။ အများအတွက်လည်း အနစ်နာခံရမယ် ဆိုတော့ ဘယ်ဘက်ကကြည့်ကြည့် သိပ်တော့ မကောင်းဘူးလေ။ အဲဒီစိတ်ကလေးသာ ပါမလာရင် တခြားသတ္တဝါနဲ့ ဘာများ ထူးဦးမှာလဲတဲ့။

တခြားသတ္တဝါဆိုတာ လူပြီးရင် ထောင်သောင်းချီနေတဲ့ သတ္တဝါတွေက တိရစ္ဆာန်တွေပဲလေ။ တိရစ္ဆာန်နဲ့ တူသွားမယ်လို့ သူက ပြောတာ။ အဲဒါ စာပေပညာရှင်က စာဖတ်သူကို ပါးပါးလေး ထည့်ပေးလိုက်တဲ့ message ပဲ။ ဒါလေးကို ဆုပ်ကိုင်မိသွားခဲ့တယ်။ ငါက တိရစ္ဆာန်ထက်တော့ မြင့်မှ ဖြစ်မယ်လို့ တွေးမိရတယ်။ တိရစ္ဆာန်ထက်မြင့်ဖို့ ဘာတွေလုပ်ရမလဲ တွေးတော့ ကိုယ်ကျိုးစွန့်ရမယ်။ အများအတွက် အနစ်နာခံတဲ့ စိတ်မွေးရမယ်ပေါ့။ အဲဒီမှာ သုတ၊ ရသစာပေတွေ ဆက်ဖတ်တယ်။ အတ္တဟိတ မိမိအကျိုး၊ ပရဟိတ သူတစ်ပါးအကျိုး၊ အများအကျိုး ဆိုတာတွေ နားလည်ပြီး တစ်နေ့မှာ အများအကျိုး ဆောင်ရွက်နိုင်သူ ဖြစ်ရမယ်လို့ ဆယ်ကျော်သက် စာတွေ ဖတ်တတ်စ အချိန်မှာပဲ သန္နိဋ္ဌာန် ချခဲ့တယ်။ အများအတွက် ကိုယ်ကျိုးစွန့်တဲ့ အလုပ်လုပ်ဖို့ အတ္တဟိတလို့ ခေါ်တဲ့ ကိုယ့်ကိုယ်ကိုယ် အရင်ဖြည့်ရမယ်။ အသိဉာဏ် ပြည့်ဝအောင် ဖြည့်ရမယ်လို့ နားလည်ခဲ့သလို သူများကို လှူနိုင် တန်းနိုင်၊ ကယ်နိုင်ဖို့ မိမိ တစ်ကိုယ်ရေ ရပ်တည်နိုင်တဲ့ အင်အားတော့ ရှိရမယ်လို့ သိခဲ့တယ်။ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက် ရပ်တည်နိုင်ဖို့ စီးပွားရေးလေး တည်ဆောက်ပြီးရင် သူများအတွက် ငါလုပ်ရမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ငါ ထမင်းဝရင် ထမင်းမဝသူတွေကို ကူညီရမယ်။ ငါရပ်တည်နိုင်ရင်၊ ငါ့မိသားစု ရပ်တည်နိုင်ရင် မရပ်တည်နိုင်သေးတဲ့ ခိုကိုးရာမဲ့ ဘဝတွေကို ကယ်တင်ရမယ် ဆိုတဲ့ စိတ်ကလေး ကျွန်မ ငယ်ဘဝအတွေးမှာ စိုးမိုးခဲ့ပါတယ်။

ဒါလေးက စာပေက ပေးလိုက်တဲ့ အနှစ်သာရလေးပါပဲ။ ဆယ့်သုံးလေးနှစ် သမီးဖြစ်လို့ တကယ်လက်တွေ့လုပ်ဆောင်ဖို့ အလှမ်းကွာနေပါသေးတယ်။ ဒါလေးကို မပျောက်ပျက်သွားအောင်၊ ထပ်ပြီး တိုးတက်လာအောင်၊ သန္နိဋ္ဌာန်လေး ခိုင်မာလာအောင် အထောက်အပံ့ပေးခဲ့တာလည်း စာပေတွေပါပဲ။ စာအုပ်စာပေနဲ့ စာပေပညာရှင်တွေက ကျွန်မတို့ကို ဆုံးမခဲ့တာ အများကြီးပါ။ လူထု ဒေါ်အမာတို့ စာပေတွေလည်း ပါတယ်။

**ဆရာမ ငယ်ဘဝကနေ ဒီနေ့ထိရောက်ဖို့၊ အားမာန်တွေ အကြိမ်ကြိမ်သွင်းဖြစ်ဖို့ ခွန်အားဖြစ်စေခဲ့တဲ့ စာပေကိုလည်း ပြောပြပေးပါဦးရှင်။**

ဆရာမကြီး ဒေါ်ခင်ဆွေဦးရဲ့ 'ပျံသာပျံပါ ထက်အာကာ' ဆိုတဲ့ စာအုပ်လေးထဲမှာ ငှက်တွေဟာ ပျံရင်းနဲ့ သေတယ်။ လူဆိုတာ ကြံရင်းနဲ့ သေတယ် ဆိုတဲ့ စကားလေး ပါတယ်။ ဒီစကားလေးကနေ တစ်နေ့နေ့ ငါ ဖြစ်ချင်တဲ့ ပရဟိတသမားတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတဲ့ စိတ်နဲ့ ရှင်သန်လာခဲ့တာပါ။ အဲဒီ အားကျမှုလေးနဲ့ ရင်ထဲမှာ ပရဟိတ သန္ဓေတည်ခဲ့ပါတယ်။

အဲဒီစိတ်နဲ့ တစ်ပြိုင်တည်း ကြည့်စမ်းပါဦး ရေးတတ်လိုက်ကြတာ၊ ပြောတတ်လိုက်ကြတာ ဆိုတဲ့ အားကျစိတ်နဲ့ အဲဒီ စာရေးဆရာ၊ ဆရာမကြီးတွေရဲ့ အဆုံးအမနဲ့ ငါ့ဘဝဟာ ပြောင်းလဲသွားခဲ့ပြီလို့ သိလိုက်တယ်။ ကြီးရင် စီးပွားရေး သမားကြီး ဖြစ်ရမယ်။ ဘာကြီး ဖြစ်ရမယ်၊ ညာကြီး ဖြစ်ရမယ်ရယ်လို့ မရှိခဲ့ဘူး။ ပရဟိတသမား ဖြစ်ရမယ်ဆိုတဲ့ စိတ်ပဲ နှလုံးသွင်းနိုင်ခဲ့လို့ စာပေဟာ လူတွေကို ပြောင်းလဲစေနိုင်ပါလား၊ လမ်းကြောင်းပေးနိုင်ပါလားလို့ တွေးမိရပြီး သူတို့ကို အားကျစိတ်နဲ့ ငါလည်း စာရေးဆရာမ ဖြစ်ရင် ကောင်းမှာပဲလို့ ဒီနေ့ ဒီအချိန်ထိ စာရေးဆရာဘဝက တစ်ဖက်၊ ပရဟိတကတစ်ဖက်နဲ့ လျှောက်လှမ်းလာခဲ့တာ ဖြစ်ပါတယ်။ ဒါက ကလေးဘဝ စာတွေ ဖတ်ရာက ရခဲ့တဲ့ သန္ဓေစိတ် အခြေခံလေး ကြောင့်ပါ။



**စာရေးဆရာနဲ့ ပရဟိတက ဆရာမ ဘဝထဲမှာ အမြဲတမ်း လွှမ်းထိုး ယှက်တင်ပဲလားရှင့်။**

ကျွန်မ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားတဲ့အခါ ငါက စာရေး ဆရာလား ဆိုတော့ ပရဟိတ သမားဘဝ ဖြစ်နေတယ်။ ပရဟိတ သမားလား ဆိုတော့လည်း စာရေး ဆရာ ဖြစ်နေပြန်တယ်။ စာပေနဲ့ ပရဟိတက ကျွန်မဘဝမှာ မျှတစွာ နေရာယူရင်း ရှင်သန်ခဲ့တယ်လို့ ပြောပါရစေ။



**ဟုတ်ကဲ့ပါရှင့်။ ဒီနှစ်ခုဟာ ဆရာမ ဘဝရဲ့ ရှင်သန်မှုမှာ ခွဲခြားပိုင်း ဖြတ်လို့ မရနိုင်တော့ဘူးပေါ့။ ဆရာမရဲ့ ငယ်ဘဝထဲကိုပဲ ပြန်သွား ရရင် ပရဟိတ စိတ်အခြေခံလေး သန္ဓေတည်ပြီး လူမသိ သူမသိ လုပ်မိခဲ့တဲ့ အများအကျိုးဆောင်တဲ့**


mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ငန်းလေးတွေများ ရှိခဲ့ရင် သိပါ ရစေ။

အခု လုပ်နေတာတွေ တော်တော်များများက အဖွဲ့အစည်းတွေနဲ့ လူအားလုံး မြင်သာထင်သာ ရှိနေတဲ့အတွက် အများအကျိုးလို့ ပြောရင် ရတာပေါ့။ ပရဟိတဆိုတာ ကိုယ် အင်အားရှိတဲ့ အချိန်မှာ ဆောင်ရွက်လို့ ရသွားတာပေါ့။ ဒါပေမဲ့ ကိုယ် အင်အားလည်း မရှိသေးဘူး။ ကိုယ့်ရပ်တည်မှုလည်း မခိုင်မာသေးဘူး ဆိုပေမယ့် စိတ်ထားလေး ပြောင်းသွားတာနဲ့ အများအကျိုးဆိုတာ ကိုယ့်ရင်ထဲ အလိုလို ရောက်လာတာပါပဲ။ သူတစ်ပါးအကျိုး ဆောင်ရွက်တာလည်း ပရဟိတပါပဲ။ လမ်းသွားရင်း လာရင်း အမှိုက်တွေပွနေလို့ ရှင်းပေးတာလည်း အများအကျိုးပါပဲ။ အစ်မဆိုရင် အဲဒီလို အမှိုက်ကလေး တော်ရာ လွှင့်ပစ်ပေးတာမျိုးက မပြောပလောက်ခဲ့ပါဘူး။

ကျောင်းသူဘဝမှာပဲ လမ်းသွားရင်းလာရင်း အချိန်ရခဲ့ရင် တိရစ္ဆာန်၊ လူ အစရှိသည့် အညစ်အကြေးတွေကို မရွံမရှာ လမ်းပေါ်မှာ ကျုံးဖြစ်သွားခဲ့တယ်။ တစ်ခါတစ်ရံ ဘုရားတွေ သွားဖြစ်တယ်။ ကျွန်မတို့ ငယ်ငယ်က ကျောက်မြောင်းကနေ မယ်လမုဘုရား သွားဖူးတယ်။ ဘုရားမှာ အိမ်သာတက်ရင်း သူတစ်ပါး တက်သွားတဲ့ အိမ်သာတွေပါ ဆေးဖြစ်တယ်။ နောက်ပိုင်း အိမ်ထောင်ကျ၊ ကလေးတွေရလာတော့ ကလေးတွေကို အစ်မ ကိုယ်တိုင်ပဲ ရှစ်တန်းလောက်အထိ စာသင်ပေးခဲ့တယ်။ သူတို့ကို သင်ရင်း သူတို့ သူငယ်ချင်းလေးတွေ ဆင်းရဲနွမ်းပါးလို့ စာမလိုက်နိုင်သူတွေကိုပါ စာသင်ပေးဖြစ်တယ်။ တချို့ကလေးတွေဆို မိဘတစ်ခြမ်းလောက် မရှိသူတွေ ပါတယ်။ ကိုယ့်ရဲ့ ပေးနိုင်တဲ့ အချိန်ထဲက လုပ်ပေးခဲ့တဲ့ အလုပ်လေးတွေဟာ တခြားသူတွေအတွက်လည်း အကျိုးရှိခဲ့ပါတယ်။

ပြီးတော့ ကျွန်မရဲ့ ဈေးသည်ဘဝ။ ကျွန်မအမေက အဖေ့ဝင်ငွေနဲ့ မြိုးမြိုးမြက်မြက် နေနိုင်သော်လည်းပဲ သူနိုင်သလောက် ဝန်လေးနဲ့ တစ်ပိုင်တစ်နိုင် ရှာရင်းနဲ့ ဈေးထဲမှာ ဆိုင်လေးတစ်ဆိုင် ဖြစ်လာတယ်။ အမေက အရင်တုန်းက ပုဇွန်တောင်ဈေးတို့၊ ကျောက်မြောင်းဈေးတို့လို လူစည်တဲ့ ဈေးတန်းနေရာလေးတွေမှာ ထင်းရှူးပုံးလေးနဲ့ မရှက်မကြောက် ဈေးရောင်းခဲ့တဲ့သူပါ။ အဲဒီလိုကနေ ဆိုင်ခန်းလေးတွေ ဖြစ်လာတယ်။ အဲဒီကနေ ကျွန်မလည်း ဈေးဆိုင်မှာ ထိုင်ရတဲ့အဆင့် ဖြစ်လာတာပေါ့။ ဘဝမှာ ပြောရင်တော့ အများကြီးပေါ့လေ။ ခါးသီးခဲ့တာတွေလည်း အများကြီးပေါ့။

တစ်ချိန်သော ကာလမှာ ကျွန်မက ပုဇွန်တောင်ဈေးမှာ ထိုင်ရတယ်။ ဈေးသူ၊ ဈေးသား လူမှုဘဝတွေကြားမှာနေရင်း ဈေးနဲ့ပတ်သက်တဲ့ ကောင်းကျိုးတွေ ဆောင်ရွက်နိုင်ခဲ့တယ်။

ဈေးထဲမှာ စာပေဝါသနာပါတဲ့ သူတွေနဲ့ စုမိတယ်။ ပုဇွန်တောင်ဈေးက အစ်ကိုကြီး ဦးလှသိန်းဆို သိပ်စာဖတ်တယ်။ သူတို့က လူငယ်တွေကို ထိန်းကျောင်းလာတာပေါ့။ ဦးဘိုဘို၊


mgyoe.com